မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ ရှိဝင်ဘာလ ၃ ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၆၂)၊ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၇-၈-၂၀၂၆၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc၊ အာဆီယံရေးရာဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Nguyen Tat Thant နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန် ထမ်းဆောင်ချိန်တွင် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ယနေ့ဖတ်စရာ အညွှန်း


PFA တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဘရူနိုဖာနန်ဒက်စ် ဆွတ်ခူး
စာမျက်နှာ ၁၁

ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၌ ကျမ်းစာအုပ်လှူဒါန်းပွဲ (ပထမအကြိမ်)ဖွင့်ပွဲ ကျင်းပ
စာမျက်နှာ ၁၂

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ
စာမျက်နှာ ၁၃

တရားဦး ဓမ္မစကြာတရားတော်(၃) (ဆောင်းပါး)
စာမျက်နှာ ၁၄


**၂၆-၈-၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

# Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များ ကျင်းပဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ် ၁၆ ခုတို့က သက်ဆိုင်ရာဘာသာရပ်နယ်ပယ်အလိုက် Project Show များကျင်းပခဲ့ပြီး ကျန်ရှိသည့် တက္ကသိုလ်များကလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ သို့ ❐



# မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၆**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပါသည်။

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ကြာသပတေးနေ့။

မန္တလေး

# ယဉ်ကျေးသိမ်မွေ့လှသည့် မြန်မာ့ဓလေ့များကို မပျောက်ပျက်အောင် ထိန်းသိမ်းရမည်ဖြစ်

မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများသည် အခြားနိုင်ငံများနှင့်မတူဘဲ တစ်မူထူးခြားကာ ယဉ်ကျေးသိမ်မွေ့လှသည်။ မြန်မာ့ဓလေ့၏ ယဉ်ကျေးသိမ်မွေ့ပုံကို ကြုံဖူးသည့် ပြည်ပဧည့်သည်တိုင်းက အံ့သြချီးမွမ်းကြသည်။ မြန်မာလူမျိုးတို့သည် ယဉ်ကျေးသည်၊ ဖော်ရွေသည်၊ စိတ်စေတနာကောင်းသည်၊ ကိုယ်ချင်းစာတတ်သည်၊ သူတစ်ပါးကို ကူညီတတ်သည်၊ ဘာသာရေးကိုင်းရှိုင်း၍ အလှူအတန်းလည်း ရက်ရောသည်။ ထို့ကြောင့် မြန်မာတို့၏ စိတ်နှလုံးအိမ်သည် အစဉ်ပင် နူးညံ့သိမ်မွေ့နေသည်။ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်၍ ဗုဒ္ဓ၏ အဆုံးအမဖြင့် ကိုယ်၊နှုတ်၊နှလုံးယဉ်ကျေးသိမ်မွေ့သူများဖြစ်သည်။ ထို့ကြောင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာတို့၏ဓလေ့စရိုက်သည် နှစ်ခြိုက်ဖွယ်အတိဖြစ်သည်။

မြန်မာတို့သည် "ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား" ဟူသည့် စကားက မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့ပုံကို ဖော်ပြနေသည်။ ထို့ပြင် လူကြီးသူမများ၏ ရှေ့မှဖြတ်လျှင် ကိုယ်ကိုညွတ်၍ ခေါင်းကိုငုံ့ကာလျှောက်ကြသည်။ လူကြီးမိဘများအား ပစ္စည်းပေးလျှင်လည်း လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ ပေးကြသည့်အပြုအမူမှာမြန်မာတို့၏ ချစ်စရာကောင်းသောဓလေ့ဖြစ်သည်။

လူကြီး မိဘ ဆရာသမားတို့နှင့် စကားပြောသောအခါ ခင်ဗျား၊ ကျွန်တော်၊ ကျွန်မ၊ ဟုတ်ကဲ့ စသည်ဖြင့် ပြောဆိုတတ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် စကားပြောဆိုရာတွင်လည်း အော်ဟစ်ကြမ်းတမ်းပြောဆိုခြင်းမပြုဘဲ နားဝင်ချိုအောင်ပြောကာ ယဉ်ကျေးသိမ်မွေ့မှုကို ဖော်ပြနေသည်။

"တစ်ယောက်စကား၊တစ်ယောက်နားမှာ၊ မခါးရလေအောင်၊ သတိဆောင်၍၊ မောင်သို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ" ဟူသော ဆုံးမစာအတိုင်း ပြောဆိုကြသည်။ ပျူပျူငှာငှာ၊ လှုတကာကို သာသာချိုချို၊ ချစ်စဖွယ်ဆိုကြခြင်းက မြန်မာလူမျိုးတို့၏ ချစ်စရာကောင်းသော ဓလေ့ပင်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် သာရေး၊ နာရေးကိစ္စများတွင်လည်း ဝိုင်းဝန်းကူညီကြသည်။ ဧည့်ဝတ်ကျေပွန်ကြသည်။ မြန်မာ့ဓလေ့ထုံးစံအတိုင်း လက်ဖက်ရည်ကြမ်း၊ ကွမ်းဆေးတို့ဖြင့် ဧည့်ခံတတ်ကြသည်။ စိတ်ထားယဉ်ကျေးသိမ်မွေ့သော ချစ်စရာကောင်းသည့် ဓလေ့ပင်ဖြစ်သည်။

မြန်မာတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အလျောက် ဗုဒ္ဓ၏ အဆုံးအမများကို အသက်နှင့်ထပ်တူ မြတ်နိုးလိုက်နာကြသည်။ ငါးပါးသီလ ဆောက်တည်ကြသည်။ ဥပုသ်သီလဆောက်တည်ကာ ဘာဝနာလမ်းကို လျှောက်လှမ်းကြသည်။ တစ်မူးရှိလို့ တစ်ပဲလှူကာ အလှူရေစက်လက်နှင့်မကွာသောကြောင့် ဘုရားစေတီများကို နေရာအနှံ့အပြားတွင် တည်ထားကိုးကွယ်နိုင်ကြသည်။ ဘုရားဟောဒေသနာတော်များကို နာကြားကြသည်။ သားယောက်ျားလေးကို ဘုရားသားတော်အဖြစ် သာသနာ့ဘောင်သို့ သွတ်သွင်းပေးသည့် ဓလေ့သည်လည်း ကြည်နူးစရာကောင်းလှသည်။ ထို့ကြောင့် ကောက်ရိတ်သိမ်းပြီး ငွေရှင်ချိန်တွင် ကျေးလက်၊ တောရွာများ၌ ဖြော့သံ၊ စည်သံတညံညံဖြင့် ရှင်ပြုပွဲများကို ကျင်းပလေ့ရှိကြသည်။ ယဉ်ကျေးသိမ်မွေ့ချစ်စရာကောင်းသော မြန်မာ့ဓလေ့ပင်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတို့၏ ကိုယ်နှုတ်အမူအရာ၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်သွားလာမှုအားလုံးတို့သည် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သော၊ ချစ်စရာကောင်းသောဓလေ့ဖြစ်ရာ အဆက်မပြတ် တည်မြဲလာခဲ့သော ယဉ်ကျေးသိမ်မွေ့လှသည့် မြန်မာ့ဓလေ့များကို မပျောက်ပျက်အောင် ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမင်းကြည်ဝင်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## မဟာသန္တိသုခဗိမာန်တော် ဘက်စုံပြုပြင်ပြီး ရေစက်ချလှူဒါန်းပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၆**

မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ဣန္ဒာသဃကျောင်းတိုက်အတွင်းရှိ မဟာသန္တိသုခဗိမာန်တော် ဘက်စုံပြုပြင်မွမ်းမံပြီး ရေစက်ချလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဗိမာန်တော်၌ ကျင်းပခဲ့သည်။

မဟာသန္တိသုခဗိမာန်တော် ဘက်စုံပြုပြင်မွမ်းမံနိုင်ရန် ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးက မတည်လှူဒါန်းခဲ့ပြီး အလှူရှင်များကလည်း ဝိုင်းဝန်းလှူဒါန်းခဲ့ကြရာ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ ပြီးစီးချိန်အထိ အလှူငွေကျပ်သိန်း ၆၅၀ ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဣန္ဒာသဃကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နဝကမ္မဝတ္တုငွေများ ဆက်ကပ် လှူဒါန်းခဲ့ကြသည်။

ထို့နောက် ကျောင်းတိုက်ရှိ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့်ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

## ပျော်ဘွယ်မြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဆက်လက်ပို့ချ

**ပျော်ဘွယ် ဩဂုတ် ၂၆**

ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်နေသူများ သိရှိတတ်မြောက်ထားသင့်သော ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းကို ဖွင့်လှစ်ခဲ့ရာ ယနေ့ နံနက် ၈ နာရီက ပျော်ဘွယ်မြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ သင်တန်းကို ဆက်လက်ပို့ချလျက်ရှိသည်။

သင်တန်းပို့ချရာတွင် ရမည်းသင်းခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုး၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်များကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေး နည်းဗျူဟာများ၊ ရှေးဦးပြုစုနည်းများ၊ ခေတ်မီရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်းများ၊ အသက်ကယ်ကြိုးချည်နည်းအမျိုးမျိုးစသည့်သင်ခန်းစာများကို စာတွေ့၊ လက်တွေ့သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ သန္တေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှအသင်းဝင်များ စုစုပေါင်း ၅၀ ဦးတက်ရောက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## စားအုန်းဆီ ၁၁၀၇ ဒသမ ၅၀ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိ

**ကျောက်ဆည် ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပြည်သူများ စားသုံးဆီဝယ်ယူသုံးစွဲရာ၌ အထောက်အပံ့ရရှိစေရန်အတွက် စားအုန်းဆီတင်သွင်းသော သတ်မှတ်အရည်အသွေးပြည့်ဝသည့် Resources Group Trading Co.,Ltd.မှ စားအုန်းဆီများကိုဝယ်ပြီး အိမ်ထောင်စုတစ်စုနှင့် ဝန်ထမ်းများအား ဆီဝယ်ယူခွင့်စာအုပ်များ ပြုလုပ်ပေး၍တစ်ကြိမ်ရောင်းချပေးပါက ၂ ဒသမ ၅၀ ပိဿာနှုန်းဖြင့် အပတ်စဉ် ပြည်သူနှင့်ဝန်ထမ်းများအား အလှည့်ကျရောင်းချပေးလျက်ရှိရာ ယမန်နေ့က စားအုန်းဆီ ၁၁၀၇ ဒသမ ၅၀ ပိဿာအား သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချရာ၌ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်ကေဇာခိုင်(နေလသုခ)မှ ပညာရေးဝန်ထမ်းများအား ၃၉၂ ဒသမ ၅၀ပိဿာ၊ ဦးအေးမင်းစိုး(အေးချမ်းသူ) စားအုန်းဆီအရောင်းဆိုင်မှ အနောက်ငယ်တိုး၊ ညောင်ဝန်းကျေးရွာပြည်သူများအား စားအုန်းဆီ ပိဿာ ၄၄၀၊ ဒေါ်သဇင်အောင်(နေလသုခ) စားအုန်းဆီအရောင်းဆိုင်မှ ဆူးလေကုန်းကျေးရွာမှ ပြည်သူများအား ၂၇၅ ပိဿာ စုစုပေါင်း စားအုန်းဆီ ၁၁၀၇ ဒသမ ၅၀ ပိဿာအား ရောင်းချပေးခဲ့ပြီး ကျန်ရှိနေသည့် ရပ်ကွက်၊ ကျေးရွာပြည်သူများအား အလှည့်ကျ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

**စုစုအေး(ကျောက်ဆည်)**

## အမှတ်(၁)အ.လ.ကကျောင်းခွဲတွင်ရှိ ကျောင်းသား၊ ကျောင်းသူ ၂၈၅ ဦးအား စာရေးကိရိယာများ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၈၅ ဦးအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးစိုးထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦး၊ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ လှူဒါန်းမှုတွင် အလှူရှင် ဦးထွန်းမြင့်ဦးနှင့် ဦးစိုးဝဏ္ဏ မိသားစုတို့က မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦး လျှင် ဗလာစာအုပ် လေးအုပ်နှင့် ခဲတံလေးချောင်း၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် ဗလာစာအုပ်လေးအုပ်နှင့် ဘောပင်လေးချောင်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပွဲကို ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရာတွင် လိုအပ်သည့် စာရေးကိရိယာများ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့် ဝမ်းမြောက်ကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှုများ ရှည်ကြာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံမှု နှစ်(၅၀)ပြည့်မြောက်ကျော်လွှန်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တူညီမှုများစွာ ရှိသကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများလည်း တူညီကြကြောင်း၊ အလားတူ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ခဲ့သကဲ့သို့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယခုကဲ့သို့ အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည့်အတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် မိမိတို့ **ဗီယက်နမ်နိုင်ငံသမ္မတနှင့် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးချုပ် ဖြစ်သူ မစ္စတာတိုလမ်က အဆွေတော်သမ္မတကြီးအား ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ရန် ဖိတ်ကြားမှုနှင့် အဆွေတော်သမ္မတကြီး လာရောက်မည့်ခရီးစဉ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိမှုကို သတင်းစကားပါးရန် စေလွှတ်ချက်အရ ယခုကဲ့သို့ လာရောက်ဂါရဝပြုတွေ့ဆုံခြင်း ဖြစ်ပါကြောင်း၊** မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ပြည်ပနိုင်ငံသို့ သွားရောက်သည့် ပထမဆုံးခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် သမိုင်းကြောင်းအဆက်ဆက်တွင် ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်များက တည်ဆောက်ခဲ့ကြပြီး ယခုတိုင်ကောင်းမွန်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ယခုအဆွေတော်သမ္မတကြီး လာရောက်မည့် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာတည်ဆောက်ခဲ့သည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် စာမျက်နှာသစ်၊ ကဏ္ဍသစ်ကို ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်ခိုင်မာအောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့ ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးနှင့် ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ တပ်မတော်အချင်းချင်းနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စီးပွားရေးအရ နယ်ပယ်သစ်များတိုးချဲ့ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဗီယက်နမ်နိုင်ငံတွင်ကျင်းပပြုလုပ်မည့်ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့်ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည် ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှု အပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung အား လက်ခံတွေ့ဆုံစဉ်။

> **ဗီယက်နမ်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု(CLMV) ထိပ်သီးအစည်းအဝေးနှင့် ဧရာဝတီ-ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး**

---

❐ Polytechnic မှ

ယနေ့နံနက်ပိုင်းက Naypyitaw State Polytechnic University ၌ (၂၀၂၅-၂၀၂၆) ပညာသင်နှစ် Engineering and ICT Project Show၊ 2026 ကို ကျင်းပခဲ့ပြီး Artificial Intelligence၊ IoT၊ Smart Automation & Embedded Systems၊ Green Technology၊ Sustainable Engineering & Smart Agriculture၊ Robotics၊ Mechatronics & Autonomous Systems၊ Software Engineering၊ Architectural Design နှင့် Assistive Technologies & Public Welfare စသည့် ဘာသာရပ်နယ်ပယ် ၇ ခုအတွက် Project စုစုပေါင်း ၉၄ ခုကို ခင်းကျင်းပြသခဲ့သည်။

အဆိုပါပြပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(နေပြည်တော်)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(နေပြည်တော်) တို့မှ ဥက္ကဋ္ဌများနှင့် အင်ဂျင်နီယာပညာရှင်များ ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ခင်းကျင်းပြသထားသည့် Project များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တက္ကသိုလ်များ၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် ဥတ္တရသီရိမြို့နယ် အထက (၁၂)မှ အခြေခံပညာ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ ယနေ့တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌လည်း UCSY Product Show and Job Fair 2026 ကို ကျင်းပရာ Software engineering၊ AI၊ IoT၊ Image Processing၊ Networking ဘာသာရပ်နယ်ပယ်များနှင့်သက်ဆိုင်သော Undergraduate Project ၆၃ ခု၊ Post Graduate Project ၁၂ ခု စုစုပေါင်း Project ၇၅ ခုကို ပြသရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရှင်များ ကြည့်ရှုအားပေးကြပြီး အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီ ၁၆ ခုမှလည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၇၅ ခုနှစ် မေလမှစ၍ ထူထောင်ခဲ့ကြသဖြင့် ယခုဆိုလျှင် (၅၁)နှစ်ထဲသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာဖြင့် ကာလရှည်ကြာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် မိတ်ဆွေနိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်လည်း ထဲထဲဝင်ဝင် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မိမိတို့အနေဖြင့် ဂုဏ်ယူဝမ်းမြောက်လျက် ရှိပါကြောင်း၊ ထိုကဲ့သို့ ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့်ပတ်သက်၍လည်း ထဲထဲဝင်ဝင် လေ့လာလိုပါကြောင်း၊ ထို့အပြင် ဗီယက်နမ်အမျိုးသား လွှတ်တော်နှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော် နှစ်ရပ်အကြား လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာ စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (AIPO) စတင် ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ပြီး ယခုအာဆီယံ ပါလီမန်များ ညီလာခံ (AIPA) တွင်လည်း အဖွဲ့ဝင်အဖြစ် ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင် နိုင်ငံတကာပါလီမန်များအဖွဲ့(IPU)တွင်လည်း အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တွင် ဗီယက်နမ် အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီသည် နိုင်ငံပေါင်းများစွာနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိသည်ကို သိရှိပါကြောင်း၊ မိမိတို့ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီအနေဖြင့်လည်း ဗီယက်နမ် ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန်ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးက မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် သံတမန်ဆက်ဆံရေးသည် ကြာမြင့်သည့်ကာလတစ်ခုသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး ကြာမြင့်လာသည်နှင့်အမျှ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော် အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးရန် ဆက်လက်ကြိုးပမ်းမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာကာ ဆယ်စုနှစ်များစွာ လက်တွဲ ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကိုလည်း နားလည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အစိုးရနှင့် လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်လာမှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများစွာကို ဖြတ်ကျော်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အစီအမံများကိုလည်း မျှဝေသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ ဗီယက်နမ်နိုင်ငံသားများကိုလည်း ကူညီစောင့်ရှောက် စေလိုပါကြောင်း၊ ထို့အပြင် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းပြီး လူငယ်၊ အမျိုးသမီး၊ နည်းပညာစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဗီယက်နမ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှလည်း အဆွေတော်ကို နှုတ်ခွန်းဆက်သသည်ကို အသိပေးလိုပါကြောင်း၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နောင်တွင် ဖိတ်ကြားတွေ့ဆုံသွားမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲထောက်ခံသွားမည်ဖြစ်ပြီး အာဆီယံပါလီမန်များ ညီလာခံနှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ငွေစာရင်း ကော်မတီဥက္ကဋ္ဌ ဦးတေဇကျော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မြင့်သန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင် (၁၀)ကြိမ်မြောက် အစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၂၆

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုပူးတွဲကော်မရှင်၏ (၁၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အတူ ဦးဆောင်တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး အောက်မှ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို အပြန်အလှန် ရှင်းလင်းအသိပေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးလျက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

## ပြောကြား

ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ်တွင် မြန်မာ-ဗီယက်နမ် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး ထူထောင်မှု (၁၀)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အခမ်းအနားများ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်သင်တန်းကျောင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည် ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရန်၊ နည်းပညာဆိုင်ရာပစ္စည်းများ လာရောက်ထုတ်လုပ်ရန် ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်စ်မက်) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) အလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိရာ နှစ်နိုင်ငံအကြား အဆိုပါဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်မှလည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ဆက်ဆံရေးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အပြုသဘောဆောင်ကြိုဆိုသည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ ဗီယက်နမ်တွင်လည်း ဗီယက်နမ် ကွန်မြူနစ်ပါတီ၏ (၁၄) ကြိမ်မြောက် အမျိုးသားပါတီကွန်ဂရက်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်သည် နှစ်နိုင်ငံစလုံးအတွက် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အချိန်အခါကောင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုစသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားလိုကြောင်း၊ အာဆီယံ၊ ကုလသမဂ္ဂနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ မူဘောင်များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝနှင့် တန်းတူအခွင့်အရေးရရှိရေးအတွက် ဗီယက်နမ်နိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှု - ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြိုးပမ်းမှုများကို ထောက်ခံကြောင်း၊ နှစ်နိုင်ငံအကြား အာဆီယံ၊ အက်စ်မက်နှင့် စီအယ်လ်အမ်ဗွီတို့ အပါအဝင်ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## လက်မှတ်ရေးထိုး

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲကော်မရှင် အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အဖွဲ့သည် နေပြည်တော်မှ ပြန်လည်ထွက်ခွာရာ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်အမှာစကားပြောကြား





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တက်ရောက်လာကြသူများ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးကြစဉ်။

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနုသုခုမ ပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှ တစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာ အရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက် ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ ထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို ဆက်ခံပြီး မျိုးဆက်သစ် ပညာရှင်များဖြစ်စေရန် ရည်ရွယ် ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အကဲဖြတ်ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ရဲရင့်အောင်တို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက ၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့် အမှာစကား ပြောကြားရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်များ၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကျင်းပခြင်းသည် ပြည်သူ့ဆက်ဆံရေးတပ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင် တိမ်ကောပပျောက်မှု မရှိစေရန်၊ အဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ မြန်မာမှုစစ်စစ် အနုသုခုမ ပညာရပ်အဖြစ် ထည်ဝါစွာ ရပ်တည်နိုင်ရန်၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့်ပတ်သက်သည့် သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေးပိုမိုမြင့်မား တိုးတက်လာစေရန်နှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်စသည့် လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်စွာထမ်းဆောင်နိုင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အနုပညာစွမ်းအားများ မြင့်မားစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။ စာပေ၊ ဂီတ အနုသုခုမဆိုသည်မှာ လူတို့၏စိတ်ကို နူးညံ့ပျော့ပျောင်းစေသကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်တို့ကိုလည်း နိုးထစေကြောင်း၊ မြန်မာ့သမိုင်းတွင် ငါးစီးရှင်ကျော်စွာသည် "ကာချင်း"ကို ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့သည် ဒိုင်း၊ ဓား၊ လှံတို့ကိုကိုင်ပြီး ညီညာဖြဖြသီဆိုကာ ကခုန်ခဲ့ကြကြောင်း။

လွတ်လပ်ရေး ကြိုးပမ်းမှုကာလများတွင်လည်း မြန်မာတို့၏ လွတ်လပ်ရေးမျှော်မှန်းချက်နှင့်အတူ အမျိုးသားရေးတေးသီချင်းများစွာလည်း ပေါ်ထွန်းလာခဲ့ကြောင်း၊ ထိုသို့ ဂီတအနုသုခုမစွမ်းဆောင်ရည်ကြောင့် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ်များ ပြန်လည်နိုးကြားလာခဲ့ပြီး လွတ်လပ်ရေးဆိုသည့် ပန်းတိုင်ကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ပြည်သူ့ ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့များ၊ အသံလွှင့်တပ်ဖွဲ့များ၊ မြဝတီရုပ်မြင်သံကြားတပ်ဖွဲ့များ၊ သတင်းစာတိုက် တပ်ဖွဲ့များသည် ပြည်သူနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့နေသည့် တပ်ဖွဲ့များဖြစ်ကြောင်း၊ တစ်နည်းဆိုပါက တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားများ ဖြစ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်အောင် ကျွမ်းကျင်ရာ အနုသုခုမ ပညာရပ်များနှင့် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များ ပင်ဖြစ်ကြောင်း၊ မူလရည်မှန်းချက်တာဝန်သုံးရပ်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်း လိုအပ်ကြောင်း၊ စိတ်အခြေခံ ကောင်းများမှ တစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာနယ်ပယ်ကို ဝင်ရောက်ပြီး တပ်ဖွဲ့၏ မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်နှင့် တပ်မတော်အတွက် မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

အမျိုးသား ယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဖြစ်တည်မှုသမိုင်း အစမှတစ်ဆင့် လွတ်လပ်ရေးနှင့်အတူ ပိုင်ဆိုင်ခဲ့သည့် မြန်မာ့သုခုမ အနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရာ ရောက်သည်ကို လေးလေးနက်နက် သိမြင်နားလည်ထားကြရန် လိုကြောင်း။

### လက်ဆင့်ကမ်း အမွေအဖြစ် ပေးအပ်

လက်ရှိ မျိုးဆက်များမှတစ်ဆင့် နောင် မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့်စိတ်စသော စိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား မြတ်နိုးတတ်စေမည့် စိတ်အမြုတေ ကောင်းများကို လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့ နှလုံးသားထဲတွင် ပိုင်ဆိုင်ထားသည့် အနုပညာ၊ ပင်ကိုရှိပြီးသည့် အနုပညာဗီဇ၊ ပါရမီတို့နှင့်အတူ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ် အစစ်အမှန်ကို ဖော်ထုတ်ပြသကြရမည့် ပြိုင်ပွဲတစ်ရပ်ဆိုသည့် အသိထက် ကျော်လွန်ပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်အပေါ် စောင့်ရှောက်နိုင်ရန်ဆိုသည့် အသိ၊ တပ်ဖွဲ့ဝင်များ၏ အနုပညာ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေးဆိုသည့် အသိများ ထိတိုင် ရှုမြင်ပြီး မဆုတ်မနစ် ကြိုးစား ယှဉ်ပြိုင်လျှောက်လှမ်းသွားကြရန် လိုအပ်ကြောင်း။

အတိတ် သမိုင်းစဉ်တွင် အောင်မြင်စွာ ကမ္ဘည်းထိုးနိုင်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး စစ်သည်တော်ကောင်းများနည်းတူ တပ်ဖွဲ့ဝင်များ၏ တစ်မူထူးခြားသည့် အနုပညာ အရည်အသွေးကို မှတ်ကျောက်တင်ခံနိုင်၍ တပ်ဖွဲ့၏ဂုဏ်ကို ဆက်လက်မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ်တပ်ဖွဲ့ဝင်များ ဖြစ်အောင် ကြိုးပမ်းလျှောက်လှမ်းသွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများက တီးမှုတ်၊ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနား အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနား တက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့ အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကွပ်ကဲမှုအောက်တပ်များမှ စစ်သည်၊ စစ်သမီးများဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ကာလပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု (စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများပါဝင်ပြီး ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# လူငယ်ရေးရာ အသိပညာပေး ဟောပြော

လင်းခေး ဩဂုတ် ၂၆

လူငယ်၊ လူရွယ်များ အသိပညာဗဟုသုတများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန Community Centre ခန်းမ၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်ပိုင်း အဆိုပါခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းမြင့်က လူငယ်နှင့်သတင်းမီဒီယာအကြောင်း သိကောင်းစရာများ၊ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲလင်းထွေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအကြောင်းနှင့်စပ်လျဉ်း၍ လူငယ်များသိရှိနားလည်ထားအပ်သည့် အကြောင်းအရာများအား အသိပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး ဟောပြောပွဲကို ရုပ်သိမ်းခဲ့သည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသည့် လူငယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေး နံရံကပ်စာစောင်များအား ကြည့်ရှုလေ့လာခဲ့ကြပြီး စာအုပ်၊ စာစောင်ပြပွဲအား စိတ်ဝင်တစား ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Julapun Amornvivat နှင့် နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

ဗန်ကောက် ဩဂုတ် ၂၆

(၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Julapun Amornvivat နှင့် ဩဂုတ် ၂၅ ရက် ညနေပိုင်းတွင် အစည်းအဝေးများကျင်းပမည့် Dusit Thani Hotel သီးသန့်အစည်းအဝေးခန်း၌ နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။



**ဆွေးနွေး**

တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံအတွင်း နေရာဒေသအလိုက် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် အင်အားစာရင်းရရှိရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများ တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပို့နိုင်ရေး နှစ်နိုင်ငံ သက်ဆိုင်ရာဌာနများအကြား ဆွေးနွေးဆောင်ရွက်ပေးနိုင်ရေး၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးမည့်နေရာများ တိုးချဲ့ဖွင့်လှစ်ရေး၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြပြီး (၄)နှစ်ပြည့်ပြီးသည့် မြန်မာလုပ်သားများ သက်တမ်းတိုး ဆက်လက်အလုပ်လုပ်ကိုင်ရေးအတွက် U-turn လုပ်ငန်းစဉ် အမြန်ဆုံးဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာလုပ်သားများ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ စနစ်တကျ ရရှိနိုင်ရေးနှင့် နှစ်နိုင်ငံ လူမှုဖူလုံရေးအဖွဲ့များအကြား သဘောတူစာချုပ်(MoU)ချုပ်ဆို ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး ယာယီအချက်အလက် ကောက်ယူရေးဌာန (Temporary Data Collection Center-TDCC ဖွင့်လှစ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ အလုပ်သမားရေးရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၉)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများ အစည်းအဝေးနှင့် နှစ်နိုင်ငံအလုပ်သမားရေးရာ အလုပ်သမားဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဩဂုတ် ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung သည် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေး ဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး ၊ အမှုတ်၊ အက ၊ အခုန်များဖြင့် လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်



# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပ

**မြို့သစ် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဆန်းအောင်ထွေးက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်က မြို့နယ်အဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ (ဓါတ်ပုံ)



ထို့နောက် တာဝန်ရှိသူများ ကနို့တိုက်မိခင်နှင့် တစ်နှစ်အောက်ကလေးများတွင် စံပြမိခင်နှင့် ကလေးများအား အာဟာရဖွံ့ဖြိုးမှုဆိုင်ရာစစ်ဆေးခြင်း၊ အကောင်းဆုံးဆုရွေးချယ်ခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ ဆုများချီးမြှင့်ခြင်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**

❂ စာမျက်နှာ ၂၄ မှ

အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၂)ပွဲ (၁)ပွဲဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို (၂)ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် ရခိုင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို (၂) ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို(၂)ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဩဂုတ် ၂၇ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း (အမျိုးသား) (၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်း၊ မကွေးတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း(အမျိုးသမီး)(၃)ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ချင်းပြည်နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မွန်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ဝ-ဝ-ဝ-ဝ-ဝ

# နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ မြန်မာနိုင်ငံ CCDAC နှင့် UNODC တို့ ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပ



ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါး မှုခင်းများ စုံစမ်းစစ်ဆေးခြင်း ဆိုင်ရာ ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီတွင် မြန်မာနိုင်ငံ မူးယစ်တားဆီး ကာကွယ်ရေး ဗဟိုအဖွဲ့(CCDAC)နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးတွဲအိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပပြီး ဆွေးနွေးပွဲတွင် နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါး အမှုများတွင် ကြုံတွေ့ရလေ့ရှိ သည့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံ အလိုက် ဆွေးနွေးတင်ပြခြင်းများ၊ သက်သေ အထောက်အထားနှင့် သတင်းအချက်အလက် ဖလှယ်မှု၊ စာရွက်စာတမ်းနှင့် ဘာသာစကား ဆိုင်ရာ လိုအပ်ချက်များ၊ တရားခံ လွှဲပြောင်းပေးခြင်း၊ ပြည်နှင်ဒဏ် ပေးခြင်း၊ နယ်စပ်ဒေသ၌ တရားခံ လွှဲပြောင်း/ လက်ခံရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ ဒေသ တွင်းမူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှု အခြေအနေသည် လျင်မြန်စွာ ပြောင်းလဲဖြစ်ပေါ် လျက်ရှိကြောင်း၊ နေရာတစ်ခု တည်းတွင် မူးယစ်ဆေးဝါးများကို ထုတ်လုပ်၍ နိုင်ငံအများစုသို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ရရှိလာသော ငွေကြေးအမြတ် အစွန်းများကို သီးခြားတရားစီရင် ပိုင်ခွင့်ရှိသော နိုင်ငံများတွင် သိုဝှက် ထိန်းသိမ်းထားကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်း ဝယ်သောအဖွဲ့များသည် တစ်ခု နှင့် တစ်ခု ကွန်ရက်ချိတ်ဆက် ဆောင်ရွက်နေပြီး နည်းပညာများ လည်း ပိုမိုဆန်းသစ်စွာ အသုံးပြု လာသည်ကို တွေ့ရှိရကြောင်း၊ သီပေါမြို့နှင့် မိုင်းရယ်မြို့တို့တွင် ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များအရ နယ်စပ်ဖြတ်ကျော် မူးယစ်ဂိုဏ်း အဖွဲ့များသည် ထိန်းချုပ်ဓာတု ပစ္စည်းစာရင်းတွင် မပါဝင်သော ဓာတုပစ္စည်း အသစ်များကို ပြောင်းလဲ အသုံးပြုလာကြပြီး စုံစမ်းစစ်ဆေးမှုမှ ရှောင်ရှားနိုင် ရန်အတွက် ၎င်းတို့၏ ဓာတုဗေဒ ဖော်မြူလာများကို ပြုပြင် ပြောင်းလဲလာကြောင်း၊ နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ဓာတုဗေဒပညာ ရှင်များကိုလည်း ငှားရမ်းအသုံးပြု လာကြကြောင်း မူးယစ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက် အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ ရဲမှူးချုပ် သန့်လွင်မောင်က ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မူးယစ်ဂိုဏ်း ခေါင်းဆောင်များကို ဖမ်းဆီးရန် အခက်အခဲရှိပြီး သက်သေ အထောက်အထား စုဆောင်းရာ တွင်လည်း အခက်အခဲရှိကြောင်း၊ သံသယရှိသူများကို နယ်စပ် ဖြတ်ကျော် လွှဲပြောင်းရာတွင် ကြီးမားသည့် အခက်အခဲရှိ ကြောင်း၊ ထို့ကြောင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မဖြစ် မနေ ဦးစားပေး ဆောင်ရွက်သင့် ကြောင်း၊ တရားဥပဒေနှင့် စုံစမ်း စစ်ဆေးရေးစနစ် အပေါ်တွင် သတင်းအချက်အလက် ပေးပို့ ချိတ်ဆက်မှုများ နှောင့်နှေးကြန့် ကြာမှု၊ မရှင်းလင်းသော လုပ်ထုံး လုပ်နည်းများ၊ ပြည့်စုံမှုမရှိသော စာရွက်စာတမ်း အထောက် အထားများနှင့် အဆင့်ဆင့်သော ဆက်သွယ်ရေးလုပ်ငန်းစဉ် အခက် အခဲများကြောင့် ပြစ်မှုကျူးလွန်သူ များကို တရားဥပဒေ၏ အပြစ်ပေး အရေးယူမှုမှ လွတ်မြောက်စေနိုင် ကြောင်း၊ လုပ်ငန်းစဉ်များကို ကြန့်ကြာစေသည့် အဟန့် အတားများအား ဖော်ထုတ်ပြီး ၎င်းတို့ကို ကျော်လွှားနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများ ကို ရှာဖွေနိုင်ရန်အတွက် နိုင်ငံများ စုပေါင်း၍ အတူတကွ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မပြုံး ဦးဆောင်သော ကိုယ်စားလှယ် ရှစ်ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၊ UNODC တို့မှ ကိုယ်စားလှယ် ၄၂ ဦးနှင့် မိတ်ဖက်အရှေ့တောင်အာရှ နိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၈ ဦး တက်ရောက် ဆွေးနွေးကြကြောင်းနှင့် အစည်း အဝေးကို ဩဂုတ် ၂၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လူငယ်စကားဝိုင်းကျင်းပ

**ကျောက်တလုံးကြီး ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံး ကြီးမြို့၌ ဗလငါးတန်နှင့်ပြည့်စုံ သော လူငယ်များ ပေါ်ထွန်းလာ စေရန်၊ ကျောင်းသား၊ ကျောင်းသူ များ စကားပြောစွမ်းရည်များ ကောင်းမွန်လာစေရန်၊ စာပေဖတ်ရှု ၍ လက်တွေ့ဘဝအောင်မြင်ရေး အတွက် အသုံးချတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ် စကားဝိုင်းကို ကျောက်တလုံးကြီး အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်တလုံး ကြီးမြို့ အခြေခံပညာအထက် တန်းကျောင်း၊ ကျောင်းအုပ်ဆရာ မကြီး ဒေါ်ခင်အေးလွင်က အဖွင့် အမှာစကားပြောကြားပြီး ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန ကျောက်တလုံးကြီးမြို့ ဦးစီးမှူး ဒေါ်သန္တာဝင်းက လူငယ် စကားဝိုင်းပြုလုပ်ရသည့်ရည်ရွယ် ချက်အား ရှင်းလင်းပြောကြား၍ လူငယ်စကားဝိုင်းတွင် ညှိနှိုင်း ဆွေးနွေးသူအဖြစ် ဆောင်ရွက်ရာ အ.ထ.က ကျောက်တလုံးကြီး Grade-9 မှ မခမ်းကြည်ခမ်းက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ် ဖြင့်လည်းကောင်း၊ မဖြူစင်ဖွေးက လူငယ်နှင့်စာရိတ္တခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-8 မှ မလှ ရွှေနုက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 မှ မောင်ခွန်မျိုးအောင် က လူငယ်နှင့် ကွန်ပျူတာအသုံး ပြုခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်မိုးဟိန်းက လူငယ်နှင့်နည်း ပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-8 မှ မောင်ကောင်းထက် လင်းက လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း အသီး သီးဆွေးနွေးကြရာ တက်ရောက် လာကြသည့် ကျောင်းသားကျောင်း သူများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခဲ့ကြ သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ချီးမြှင့်သော အမှတ်တရလက် ဆောင်များကို ကျောင်းအုပ်ဆရာ မကြီးက ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများ အားပေးအပ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟု သုတရရှိစေရန်နှင့် စာပေဖတ်ရှု သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် အသိပညာပေးနံရံ ကပ်စာစောင်ပြပွဲ၊ စာအုပ်၊ စာစောင် ပြပွဲ၊ Mobile Library စနစ် ဖြင့် စာအုပ်ငှားရမ်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

# ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၂၀ နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၆

ရောဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့ သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေ တိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက် ၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟသ်ာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ် များရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာ အချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရ သည်။

ထိုသို့ ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာ မြို့နယ်အတွင်း ဩဂုတ် ၁၄ ရက်တွင် ဝဝန်မြစ်ရေ သည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့ တွင် ၅ ပေ ၈ လက်မခန့်သာ ကျန်ရှိသဖြင့် နှစ်ပေခန့် ကျဆင်း သွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ ကြောင်းနှင့် ငသိုင်းချောင်းမြို့တွင် ဝဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက် တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့ တွင် ၁၀ ပေ ၃ လက်မခန့်သာ ကျန်ရှိ သဖြင့် ၆ လက်မခန့် ကျဆင်းသွား ခဲ့ကြောင်း သိရသည်။

အဆိုပါဒေသများရှိ ရေဘေးသင့် ပြည်သူများအတွက် နိုင်ငံတော် အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေး စခန်းများ ဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီ ကယ်ဆယ်နိုင်ရေး အတွက် အနောက်တောင် တိုင်းစစ်ဌာန ချုပ်မှ နယ်မြေခံတပ်မတော်သား များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီ ရေးအဖွဲ့များ၊ ပရဟိတအသင်း အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသား များပူးပေါင်း၍ ရှာဖွေကူညီ ကယ်ဆယ်ပေးခြင်း၊ စားသောက် ဖွယ်ရာများ လိုက်လံပို့ဆောင် ပေးခြင်းနှင့် အရေးပေါ် ကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဝဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ် ကာကွယ်နိုင်ရန်အတွက် နည်း ပညာများ အသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ် တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝဝန်ပန်းတာ တမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများ ကိုစက်ယန္တရားများနှင့် လုပ်အားစု များအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ် ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ ကို အနောက်တောင်တိုင်းစစ် ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

**အမှိုက်ပစ်လျှင် သတိယုဉ် ရေနုတ်မြောင်းတွင် မပစ်နှင့်။**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး



**မန္တလေး ဩဂုတ် ၂၆**

ပြင်ဦးလွင်မြို့တွင် လူဦးရေတိုးတက်လာသည်နှင့်အမျှ ယာဉ်အသုံးပြုသူများ၊ လမ်းအသုံးပြုသူများ များပြားလာရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်ကြောကျပ်တည်းမှုများ မဖြစ်ပေါ်စေရေး၊ ဒေသထွက်ကုန်အခြေခံကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားရာတွင် အဓိကကျသည့် တောင်ပေါ်မြေပြန့် ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်စေရေးတို့တွင် များစွာအထောက်အကူပြုမည့် ခရိုင်၊ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ဌာနများမှ ဆောင်ရွက်နေမှုများအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းရာတွင် ပြင်ဦးလွင်ခရိုင် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ နယ်နိမိတ်တစ်လျှောက် သစ်ပင်စိုက်ပျိုးမည့် ဧရိယာများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်အနီး နယ်နိမိတ်တွင် ခါတော်မီ ၁၀၀ ပင် စိုက်ပျိုးပြီးနောက် နယ်နိမိတ်သတ်မှတ်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ကန်တော်ကြီးသို့ ရောက်ရှိပြီး ကန်တော်ကြီးရေလှောင်ကန် ကန်ပေါင်နှင့် ရေပိုလွှဲကြံ့ခိုင်နိုင်မှု ပိုမိုအားကောင်းစေရန် ဝင်ရေ၊ ထွက်ရေ ထိန်းညှိစီမံဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် သုမင်္ဂလာအဆင့်မြင့်ဈေးသို့ သွားရောက်ပြီး ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးပြီး ဈေးအကျိုးတော်ဆောင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြေနေရာတည်ရှိမှုနှင့် ပြေးလမ်းပါဘောလုံးကွင်း တည်ဆောက်သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၄င်းနောက် ပြင်ဦးလွင်မြို့ မိုးကြိုးရွာမှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်း အရှည်ပေ(၅၃၀၀)ရှိ လမ်းကြောင်း(၁)၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂၁)-မိုးကြိုးရွာ၊ လေးအိမ်စုရွာ၊ တောင်ပြိုရွာတို့မှ ပြင်ဦးလွင်မြို့တွင်းသို့ အနီးဆုံးဆက်သွယ်နိုင်မည့် စုစုပေါင်း အရှည်ပေ(၄၁၀၀)ရှိ လမ်းကြောင်း(၂) လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား အစိုးရနည်းပညာကောလိပ်(မန္တလေး)တွင် ကျင်းပ



**မန္တလေး ဩဂုတ် ၂၆**

သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများမှ သစ်တော သစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာ၍ သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုနှင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်(မန္တလေး)ဝင်းအတွင်း ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံတို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်ပင်များစိုက်ပျိုးပြီးနောက်ပိုင်းတွင်လည်း စိုက်ပင်များ ရှင်သန်အောင်မြင်စေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို အားလုံးဝိုင်းဝန်းပူးပေါင်း ပါဝင်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဦးဆောင်၍ စတင်စိုက်ပျိုးပေးပြီးနောက် တက်ရောက်လာကြသူများနှင့် ကျွန်း၊ ပိတောက်၊ ယင်းမာ၊ ကုက္ကို၊ မဲဇလီ၊ စိန်ပန်း၊ ခရေ၊ တမာ၊ ငုရွှေဝါ၊ မယ်ဇယ်၊ တပေဘူတ စသည့် သစ်မျိုး ၁၁ မျိုး စုစုပေါင်း ၂၅၀၀ ပင်ကို အတူတကွ စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## အခြေခံပညာကျောင်းများတွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၆**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား စားသုံးသူအခွင့်အရေးဆိုင်ရာ ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲများကို ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်း (၁၄)နေရာ၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဌာနခွဲ၊ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ချစ်ကောင်းက ဩဂုတ် ၂၄ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အ·ထ·က(၃၅)ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ဩဂုတ် ၂၅ ရက်တွင် အ·လ·ကခွဲ(၂၂)ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း စားသုံးသူ၏ အနက်အဓိပ္ပာယ်၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ နစ်နာဆုံးရှုံးမှုများရှိပါက Consumer Call Center 1535 သို့ ဆက်သွယ်တိုင်ကြားနိုင်သည့် အခြေအနေများကို အသိပညာပေးဟောပြောသည်။



ထို့နောက် ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းကာ စားသုံးသူကာကွယ်ရေး ဥပဒေနှင့်အညီ ကုန်အညွှန်းအမှတ်အသားဖော်ပြချက် ပြည့်စုံမှုမရှိသော မုန့်များ ရောင်းချခြင်းမရှိစေရေးအတွက် ကျောင်းတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်–၅)

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ

(ယမန်နေ့မှအဆက်)

### "နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) တောင်ယံတောလေး (မွန်)
- (ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (စ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (ဆ) ညင်းညင်း (မွန်)
- (ဇ) အောင်မင်္ဂလာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ရေယမုန် (ပတ်ပျိုး)
- (ခ) လေပြေဆော်သွေးမြူး (ယိုးဒယား)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဃ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)
- (င) ပန်းဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကြိုး)
- (ခ) မှန်ရဝေ (ပတ်ပျိုး)
- (ဂ) အတိုင်းမသိမင်္ဂလာ (မင်္ဂလာဩဘာဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စံရာတောင်ကျွန်း (ကြိုး)
- (ခ) အတိုင်းမသိ (ဝတ်တော်ရုံ ဘုန်းတော်ဘွဲ့)
- (ဂ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) ထွေတလာ (ကြိုး)
- (ဂ) ဘုံဆောင်မြင့် (ကြိုး)

### "ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ကောင်းချီးသခ်ါ (မွန်)
- (ခ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဃ) ထောင်ရောင်နေ (သီချင်းခံ)
- (င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (စ) မန်းတောင်လက်ျာ (ယိုးဒယား)
- (ဆ) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ဇ) စိန်ကြောင်နီလာ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ချစ်သမျှကို (ပတ်ပျိုး)
- (ခ) မော်ရုံဟေဝန် (ယိုးဒယား)
- (ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဃ) ဖြူပြာမူရာ (ပတ်ပျိုး)
- (င) သောင်းသောင်းညံ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဧယျာအောင်ချာ (ကြိုး)
- (ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
- (ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) လဲ့လဲ့စိမ်းရောင် (ကြိုး)
- (ခ) ဟေမဝန်ချာ (ဘွဲ့)
- (ဂ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဧယျာမြို့ (ကြိုး)
- (ခ) မှန်ညောင်သဇ္ဇာ (ဝတ်တော်ရုံဘွဲ့)
- (ဂ) မင်းလမ်းစပ်ကာ (ကြိုး)

### "တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
- (ဃ) သာဆန်းရဂုံဖွေ (ပတ်ပျိုး)
- (င) မန်းတောင်လက်ျာ (ယိုးဒယား)
- (စ) မန်ချာမြေကို (ပတ်ပျိုး)
- (ဆ) ခိုင်ပန်းစုံမှုံမာလာ (ယိုးဒယား)
- (ဇ) နှင်းယွန်းခါဟေမာန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ပန်းဟေဝန် (ယိုးဒယား)
- (ခ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဂ) မြန်မာသီချင်းဆိုရအောင် (ကာလပေါ်)၊ လှမြင့်ဝင်း
- (ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (င) မော်ရုံဟေဝန် (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မေတ္တာဂုဏ် (ကာလပေါ်) ပြည်လှဖေ
- (ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
- (ဂ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ပဥ္စသိခ် (ခင်ခင်ညွန့်)
- (ခ) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) အနန္တငါးဖြာ (ကာလပေါ်)
- (ဂ) စိမ်းလဲ့လဲ့ (ကြိုး)

### "မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ဖော်ကွာဝေး (ယိုးဒယား)
- (ခ) ရွှေပြည်တော်သည် (ပတ်ပျိုး)
- (ဂ) မြရည်နန္ဒာ (ဘွဲ့)
- (ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (င) အမင်းမင်းခယ (ပတ်ပျိုး)
- (စ) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ဆ) ဂန္ဓမာတောင် (ဘွဲ့)
- (ဇ) တောမြိုင်စွန်းက လွန်းအောင်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) သူဌေးဝါဒ (ကာလပေါ်)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)
- (ဃ) လူမနော (ပတ်ပျိုး)
- (င) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သီလာမြေယံ (ကာလပေါ်) ပြည်လှဖေ
- (ခ) အန္တရာယ်ကင်း (ဂီတာဦးစိမ်းမောင်)
- (ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မှန်ညောင်သဇ္ဇာ (ခင်ခင်ညွန့်)
- (ခ) စံပယ် (ကာလပေါ်)
- (ဂ) နန်းဘုံသီဟာဖွေ (ယိုးဒယား)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သာယာ (ကြိုး)
- (ခ) ဝိဇ္ဇာတောလား (ယိုးဒယား)
- (ဂ) မေတ္တာဖြန်းမှလန်းဆန်းမယ် (ကာလပေါ်)

### "ဂီတာ" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) အောင်မင်္ဂလာ (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) ပုံပမာ (ကြိုး)
- (ဃ) မြူဝန်းလို့ခို (ပတ်ပျိုး)
- (င) ဂန္ဓမာတောင် (ဘွဲ့)
- (စ) ပပငယ်ဝင်းဝင်း (ပတ်ပျိုး)
- (ဆ) ဆယ်ဆယ်ရောင် (ဒိန်းသံ)
- (ဇ) ကြဲကြဲဖန်ဖန် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ခ) နွေဦးတေးသံ (ကာလပေါ်)
- (ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ဃ) သည်ဆောင်းဟေမာန် (ဘွဲ့)
- (င) ကျွန်းကျွန်းပိုင်သ (ကြိုး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆန်းနွေဦး (ယိုးဒယား)
- (ခ) ချစ်မိုးဆွေ (ကာလပေါ်)
- (ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) စက်လဲပျော်ပါနိုင် (ယိုးဒယား)
- (ခ) သပြေရွက်ရည် (ကာလပေါ်)၊ မောင်မောင်ညွန့်
- (ဂ) စိန်ခြယ်ဖြာရောင်လင်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) သာယာ (ကြိုး)
- (ခ) နန်းဘုံသီဟာဖွေ (ယိုးဒယား)
- (ဂ) ချစ်နှင်းမှုန်မှုန် (ကာလပေါ်)

### "ဒုံမင်း" အတီး ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) မြန်ချာမြေကို (ပတ်ပျိုး)
- (ခ) မာရဝိဇယ (ဘွဲ့)
- (ဂ) မှိုင်းမှိုင်းမြ (သီချင်းခံ)
- (ဃ) ခါနွေဆန်းလန်းစီစီ (ယိုးဒယား)
- (င) သောင်းသောင်းညံ (ယိုးဒယား)
- (စ) ဖြေလျော့ခွေ (ပတ်ပျိုး)
- (ဆ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
- (ဇ) မြူဝန်းလို့ခို (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) လေပြေဆော်သွေးမြူး (ယိုးဒယား)
- (ခ) နံ့သာနီတောင် (ပတ်ပျိုး)
- (ဂ) ကောင်းခြင်းမင်္ဂလာ (ကာလပေါ်)
- (ဃ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
- (င) တဖုသငယ် (ရွှေတိဂုံသမိုင်းဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) နှလုံးသားကို အလှဆင်ပါမယ် (ကာလပေါ်)
- (ခ) စက်လဲပျော်ပါနိုင် (ယိုးဒယား)
- (ဂ) ဘုန်းမိုးရွာစွေသွန်းဖြန်း (ကြိုး)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) မြန်သပြေဘွေတကျွန်းခြားမြေ (ယိုးဒယား)
- (ခ) ထန်းရွက်ပုတီး (ကာလပေါ်) Key -F
- (ဂ) ဝေဇယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)
- (ခ) မေတ္တာရွှေရည် (ကာလပေါ်)
- (ဂ) ကန်မင်းသာစွ (ယိုးဒယား)

### "ဆိုင်းတစ်ဦးချင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့်တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) နှင်းယွန်းဂီမာန် (မွန်)
- (ခ) သာရကာကျေး (ပတ်ပျိုး)
- (ဂ) ရွှေနန်းအောင်ချာ (ကြိုး)
- (ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
- (င) တောတောင်စွယ် (ယိုးဒယား)
- (စ) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
- (ဆ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဇ) ဘုန်းများများမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်၊ (အမျိုးသား၊ အမျိုးသမီး)
- (က) စိန်ငွေလျှံ (ပတ်ပျိုး)
- (ခ) တောမြိုင်စွန်း (ယိုးဒယား)
- (ဂ) ဟေမဝန်ချာ (ဘွဲ့)
- (ဃ) သပြေပင်ဝန်း (ကြိုး)
- (င) မှိုင်းမှိုင်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဆွတ်ဖြန်းငယ်လေ (ကြိုး)
- (ခ) တာသစ်ကယ်လေကူး (ပတ်ပျိုး)
- (ဂ) ကုဏ္ဍလာ (ယိုးဒယား)

၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) တောဟေဝန်လယ် (ယိုးဒယား)
- (ခ) ဘုန်းဆင့်ဆင့်တိုး (ပတ်ပျိုး)
- (ဂ) ကြောက်ဖွယ်ဘုန်းတန်း (ကြိုး)

၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊ အမျိုးသမီး)
- (က) ဧယျာအောင်ချာ (ကြိုး)
- (ခ) ရွှေဘုန်းရွှေဘုန်း (ကြိုး)
- (ဂ) မြမန်းဂီရိ (ယိုးဒယား)

# တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အရှိန်အဟုန်ဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ သုံးဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများ ဆောက်လုပ်၍ အခြေပြုခိုအောင်း လုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် မီတာ ၂၆၀၀၀ ခန့်အကွာ မန်ဖိုင်ကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား သုံးဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၅၀၊ အနံပေ ၂၀ ထရံကာသွပ်မိုးအဆောက်အအုံ တစ်လုံး၊ ယာယီရွက်ဖျင်တဲ ငါးလုံး၊ ဖုန်းမျိုးစုံ ၂၅ လုံး၊ All In One ကွန်ပျူတာ ငါးလုံး၊ Power Station နှစ်လုံး၊ Star Link တစ်လုံး၊ စကားပြောစက် ၁၀ လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ထိုသို့ ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ ပြင်းပြင်းထန်ထန်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင် ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်းမရှိစေရေးနှင့် အပြီးတိုင်ပပျောက်စေရေးတို့ အတွက် အမြစ်ပြတ် တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများ လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၆

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေပုတ်ကျေးရွာနေ အမျိုးသမီး တစ်ဦးကို တစ်ရွာတည်းနေ မျိုးမင်းဟိန်း(ခ) မျိုးကျော်(ခ)ဟိန်းကိုနှင့် ဇနီးဖြစ်သူ မေသကြိန်မိုး(ခ) သကြိန်တို့က တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားဆောင်ရွက်ပါက ၁ နှစ်လျှင် ငွေကျပ်သိန်း ၇၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပေးမည်၊ လမ်းခရီးတွင် ဆက်သွယ်ရန်ဖုန်းဝယ်ပေးမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး မူဆယ်မြို့မှတစ်ဆင့်တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မြစ်ငယ်နယ်မြေရဲစခန်း(ပ)၇၁/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၁ ရက်တွင် အမရပူရခရိုင်တရားရုံးက ဖမ်းမိတရားခံ မျိုးမင်းဟိန်း(ခ)မျိုးကျော်(ခ)ဟိန်းကိုနှင့် မေသကြိန်မိုး(ခ)သကြိန်တို့ကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီးနှစ်ဦးကို တစ်မြို့တည်းနေ ဒေါ်ခင်ခင်အေးက တရုတ်အမျိုးသားနှင့်လက်ထပ်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်၊ ၁ နှစ်ပေါင်းသင်းရမည်၊ ကလေးမွေးပေးရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံနေ မစံအေးနုနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာစဉ် စစ်တွေလေဆိပ်၌ ဖမ်းဆီးရရှိခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း (ပ)၁၂၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ် ၂၂ ရက်တွင် စစ်တွေခရိုင်တရားရုံးက ဖမ်းမိတရားခံ ဒေါ်ခင်ခင်အေးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မစံအေးနုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံ ရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျ

မြို့သစ် ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ဩဂုတ်လ လဆန်းပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ယနေ့နံနက် ၆ နာရီအချိန် ဆည်ရေတိုင်းထွာချက်အရ စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်မှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၆၀ ပေ ရှိသည့်အတွက် ရေပိုလွှဲမှ ဝ ဒသမ ၆ ပေခန့်၊ ဆဒ္ဒန်ဆည်ရေလှောင်တမံ၏ ရေပြည့်မှတ်သည် ၅၆၀ ဒသမ ၅၀ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၀ ဒသမ ၇၀ ပေ ရှိသည့်အတွက် ရေပိုလွှဲမှ ဝ ဒသမ ၂ ပေခန့် ဆက်လက်ရေကျော်ကျလျက်ရှိသည်။

စွန်ဆည်နှင့် ဆဒ္ဒန်ဆည်ရေလှောင်တမံရေပိုလွှဲတို့မှ ရေကျော်ကျမှုရှိသော်လည်း ဆည်၏ဆက်စပ်အဆောက်အအုံများ ကြံ့ခိုင်ကောင်းမွန်သည့်အတွက် စိုးရိမ်စရာအခြေအနေမရှိကြောင်းနှင့် ဆည်အခြေအနေနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အနီးကပ်ကြည့်ရှုစစ်ဆေးကာ တမံအောက်ဘက်ရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းအိစွန်(ပြန်/ဆက်)**



# မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၂၆

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်း (ဗဟို)(AEDA-Mdy) တို့ ပူးပေါင်း ကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၄ ရက် မွန်းလွဲ ၁နာရီက ပြည်ကြီးတံခွန်မြို့နယ်၊အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်ကွမ်းဆေးဥပဒ်ပေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူးဦးမြင့်သန်းက ဟောပြောသည်။

အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပြီး မူးယစ်ဆေးဝါး မသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။

ဟောပြောပွဲသို့ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၁၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝ၇ဝ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ



# မူဆယ်မြို့တွင် စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၆

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်၊ မြို့ရှောင်လမ်းတွင်မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မင်းရှူကိုင်းဆိုသူ မောင်းနှင်လာသည့် TOYOTA MARK II အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသော စိတ်ကြွဆေးပြား ၁၈၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မင်းရှူကိုင်း(၃၂)နှစ်ဆိုသူအား မူဆယ်မြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**




## ဂိုးသမား ဘာတယ်လာ ခြေထောက်ကျိုးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ

**မက်ဒရစ် ဩဂုတ် ၂၆**

ဗယ်လက်ကာနိုအသင်း ဂိုးသမား ဘာတယ်လာသည် ခြေထောက်ကျိုးဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ဂိုးသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဗယ်လက်ကာနိုအသင်းက အလာဗက်စ်အသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ခြင်းဖြစ်သည်။

ဂိုးသမား ဘာတယ်လာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဗယ်လက်ကာနိုအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။ **(အောက်ဝဲပုံ)**

အသက်(၃၀)နှစ်အရွယ်ရှိ ဂိုးသမား ဘာတယ်လာသည် ဗယ်လက်ကာနိုအသင်းနှင့်အတူ ၂၀၂၅-၂၀၂၆ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၅၀ ကစားပြီး အကောင်းဆုံး လက်စွမ်းပြထားသည်။ **(NGB)**



## အန်ကွန်ကူကို တစ်ရာသီအငှားစာချုပ်ဖြင့် လိုက်ပဇစ်အသင်း ခေါ်ယူ

**မြူးနစ် ဩဂုတ် ၂၆**



လိုက်ပဇစ်အသင်းသည် အေစီမီလန်အသင်း တိုက်စစ်မှူး အန်ကွန်ကူကို တစ်ရာသီအငှား စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အေစီမီလန် အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၅ ပွဲကစားပြီး ရှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လိုက်ပဇစ်အသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းထုတ်ပြန်ချက်တွင် "အန်ကွန်ကူကို အငှားနဲ့ ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းအပေါ်မှာ များစွာ အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အပေါ်ပုံ) (NGB)**



## ဘက်တစ်အသင်းက ပလင်စီယာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မက်ဒရစ် ဩဂုတ် ၂၆**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘက်တစ်အသင်းနှင့် ဗလင်စီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘက်တစ်အသင်းက ဗလင်စီယာအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဘက်တစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၈၃ မိနစ်တွင် ပါဘလိုဂါစီယာက သွင်းယူပေးခဲ့သည်။

ဘက်တစ်အသင်းသည် စပိန်လာလီဂါပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၉ရက်တွင် လီဗန်တေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(အပေါ်ပုံ)** **(NGB)**

### ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် အက်သလက်တီကိုမက်ဒရစ် အသင်းနှင့် အဆင်မပြေဖြစ်နေသည့် တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

* မန်စီးတီးအသင်းသည် ဘရာဇီးကလပ် ပါလ်မီးရပ်စ် အသင်း တောင်ပံကစားသမား အယ်လန်အဲလီးယက်စ်ကို ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သည်။ **(NGB)**

## ဒယ်လီအလီကို ခေါ်ယူရန် မွန်ဇာအသင်း ကမ်းလှမ်း

**မက်ဒရစ် ဩဂုတ် ၂၆**

မွန်ဇာအသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့် ကွင်းလယ်ကစားသမား ဒယ်လီအလီကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ အဲဗာတန်၊ ဘီဆစ်တပ်စ်၊ ကိုမိုစသည့်ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် မွန်ဇာအသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ဒယ်လီအလီ ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် မွန်ဇာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဒယ်လီအလီကို မွန်ဇာအသင်း ကစားသမားသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)** **(NGB)**



## PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဘရူနိုဖာနန်ဒက်ဇ် ဆွတ်ခူး

**လန်ဒန် ဩဂုတ် ၂၆**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီအတွက် PFA တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ယူအသင်းအတွက် ဂိုးဖန်တီးမှု ၂၁ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘရူနိုဖာနန်ဒက်ဇ်သည် မန်ယူအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂၇ပွဲကစားပြီး ၁၀၇ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ဘရူနိုဖာနန်ဒက်ဇ်က "ကျွန်တော် အခုလို PFA တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုလို ဆွတ်ခူးနိုင်တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ"ဟု ပြောသည်။

**(ယာပုံ)**

**(NGB)**



## ဆာဗင်ဟို စပါးအသင်းတွင် ကျောနံပါတ် (၁၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၆**



တောင်ပံကစားသမားသစ် ဆာဗင်ဟိုသည် စပါးအသင်းတွင် ကျောနံပါတ်(၁၇)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် မန်စီးတီးအသင်းမှ စပါးအသင်းသို့ ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆို၍ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။

တောင်ပံကစားသမား ဆာဗင်ဟိုသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၄ ပွဲကစားပြီး ခုနစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဆာဗင်ဟိုအနေဖြင့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင် စပါးအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Coco Gauff ဆွတ်ခူး

**ဝါရှင်တန် ဩဂုတ် ၂၆**



အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အိမ်ရှင် အမေရိကန်တင်းနစ်မယ် Coco Gauff က ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် တစ်နိုင်ငံတည်းနေသူ တင်းနစ်မယ် Jessica Pegula ကို ၆-၂၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ Coco Gauff က "ကျွန်မ အခုလို 2026 Cincinnati Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ။ အားပေးတဲ့ ပရိသတ်တစ်ဦးချင်းစီတိုင်းကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## အိုမာရီကယ်လီမန်းကို စထရာဘော့စ်အသင်း ခေါ်ယူ

**ပါရီ ဩဂုတ် ၂၆**

ပြင်သစ်လီဂူးကလပ် စထရာဘော့စ်အသင်းသည် ချဲလ်ဆီးအသင်း ကွင်းလယ်ကစားသမား အိုမာရီကယ်လီမန်းကို ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



အသက်(၂၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် စထရာဘော့စ်အသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား အိုမာရီကယ်လီမန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ ကာဒစ်ဖ်အသင်းသို့ အငှားသွားရောက်ကစားပြီး ပြိုင်ပွဲစုံ ၄၂ ပွဲ ကစားကာ ၁၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စထရာဘော့စ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

စထရာဘော့စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၁၂ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

**(အောက်ဝဲပုံ)**

**(NGB)**

0-0-0-0-0-0-0

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)ပွဲကျန် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၈-၈-၂၀၂၆<br>နံနက် ၀၁:၀၀ နာရီ | ဆဲလ်တာဗီဂို - အိုဆာဆူနာ | ဆဲလ်တာဗီဂို ၁-၂ အိုဆာဆူနာ<br>အိုဆာဆူနာ ၂-၃ ဆဲလ်တာဗီဂို |
| ၂၈-၈-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ဘာစီလိုနာ - ဘီလ်ဘာအို | ဘာစီလိုနာ ၄-၀ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၀-၁ ဘာစီလိုနာ |



## ပရိယတ္တိသာသနဟိတအသင်းကြီးသို့ အလှူငွေများ လှူဒါန်း

**မန္တလေး ဩဂုတ် ၂၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပရိယတ္တိသာသနဟိတ အသင်းကြီးသို့ ဩဂုတ် ၂၅ ရက်က မန္တလေးပရိယတ္တိသာသနာ့ ဗိမာန်ကြီးကို ဆောက်လုပ်ခဲ့သော (အဘိုး)ဗိသုကာပညာရှင်ဝဏ္ဏကျော်ထင်ဆရာဆိုင်၊ (အဘွား)ဒေါ်ဒေါ်အုန်း၊ (အဖ)ဦးမြတ်သင်း၊ (အမိ)ဒေါ်တင်တင်၊ ကျေးဇူးရှင်အဒေါ်များဖြစ်ကြသော ဒေါ်ခင်အေး၊ ဒေါ်ခင်ညွှန့်၊ ဒေါ်အုန်းစိန်တို့အား ရည်စူး၍ သား၊ သမီး၊ မြေး၊ မြစ်မိသားစုက စာမေးပွဲသုံးရပ် စာအောင်ဆုအတွက် အလှူငွေကျပ်သိန်း ၃၀၀ နှင့် သုံးထပ်အဆောက်အအုံသစ် တည်ဆောက်နိုင်ရန် အလှူငွေကျပ် သိန်း ၅၀၀၊ စုစုပေါင်း အလှူငွေကျပ်သိန်း ၈၀၀ ကို လှူဒါန်းရာ အသင်းကြီးဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၇၀)**

## ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၌ ကျမ်းစာအုပ်လှူဒါန်းပွဲ (ပထမအကြိမ်)ဖွင့်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၂၆**

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်တွင် ကန်သာယာကျမ်းစာအုပ်လှူဒါန်းရေးအဖွဲ့မှ ကြီးမှူး၍ ပရိယတ္တိစာပေသင်ကြားနေသော သံဃာတော်များအတွက် ကျမ်းစာများ အခက်အခဲမရှိစေရန်နှင့် ဗုဒ္ဓသာသနာတော်ကြီး အစွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ ကျမ်းစာအုပ်လှူဒါန်းခြင်း (ပထမအကြိမ်)ဖွင့်ပွဲကို ယမန်နေ့ နံနက် ၇ နာရီက မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ ပုညနန္ဒာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အလှူရှင်၊ ကုသိုလ်ရှင်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ခဲ့ပြီး ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနာ့ဇောတိကာရုံအုပ်ကျောင်း တိုင်းဒေသကြီး သံဃနာယကအကျိုးဆောင်အဖွဲ့ မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တဝါသဝသီရိ ကြီးမှူး၍ သံဃာတော်များထံမှ သီလတရားတော်များ ဩဝါဒခံယူပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းသန့်က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ကျမ်းစာအုပ်လှူဒါန်းရန် ဖြစ်မြောက်ရေးအဖွဲ့ ဦးစိန်သောင်းက အဖွဲ့၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ အလှူရှင်များက သံဃာတော်များအား အဘိဓမ္မတ္ထသင်္ဂဟပါဠိ၊ ဒွေမာတိကာပါဠိ၊ ဝိနည်းငယ်လေးစောင်ပါဠိ၊ ကစ္စည်းသဒ္ဒါကြီးပါဠိ၊ ဒွေမာတိကာနိဿယ၊ အဘိဓမ္မသင်္ဂဟပါဠိနိဿယ၊ သဒ္ဒါကြီးနိဿယသစ်(ပ၊ ဒု၊ တ)တွဲ စသည့် ကျမ်းစာအုပ်များ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများအား ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အမျှပေးဝေ၍ မြို့နယ်သံဃနာယကဆရာတော်ကြီးမှ အလှူရှင်၊ ကုသိုလ်ရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းခဲ့ပြီး ကိုအောင်ပြည့်ဖြိုး၊ ဇနီးမချစ်စုဝေ မိသားစု၊ အောင်မိုးဟိန်းငွေစု၊ ငွေချေးလုပ်ငန်းမှ အရက်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**(အပေါ်ပုံ)**

**အလင်းသစ်**

**(ချမ်း/စည်-ပြန်/ဆက်)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဆင်း

**ရပ်စောက် ဩဂုတ် ၂၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေး နည်းပညာပေး သင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်၊ ကျောက်တောကျေးရွာ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် ရပ်စောက်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းတက်ရောက်ခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြပြီး စိုက်ပျိုးရေးအသိပညာပေးသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသူအား စိုက်ပျိုးရေးသုံးပစ္စည်း(စံပြဆု) အပါအဝင်ဆုများကို တာဝန်ရှိသူများက အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့နောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



**(အပေါ်ပုံ)**

အဆိုပါ သင်တန်းဆင်းပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## ပုသိမ်ကြီးမြို့နယ် ရန်ပုံငွေစီမံခန့်ခွဲမှုနှင့်ငွေစာရင်းထိန်းသိမ်းနည်းသင်တန်းပို့ချ

**ပုသိမ်ကြီး ဩဂုတ် ၂၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရဲထွဋ်ကျေးရွာ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်းသင်တန်း ပို့ချခြင်းကို ယနေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ စီမံခန့်ခွဲမှုနှင့် ငွေစာရင်းထိန်းသိမ်းနည်း သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ၊ မိမိတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်းများတွင် လက်တွေ့ကျကျ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယောမာစိုးက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုက်နာရမည့် ရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ၊ ကျေးရွာစီမံကိန်းလက်စွဲတွင်ထားရှိရမည့် ငွေစာရင်းပုံစံ ၁၀ မျိုးကို အမျိုးအစားအလိုက် ဖြည့်သွင်းနည်း၊ ချေးငွေလျှောက်လွှာနှင့် စာချုပ်ဖြည့်သွင်းနည်း အစည်းအဝေးမှတ်တမ်း ရေးသားနည်းတို့ကို သင်ကြားပို့ချသည်။

အဆိုပါ သင်တန်းသို့ ရဲထွဋ်ကျေးရွာမှ ကော်မတီဝင် ခုနစ်ဦး တက်ရောက်ကြပြီး သင်တန်းတွင် စီမံကိန်းဆိုင်ရာဘာသာရပ်များကို ကျွမ်းကျင်နည်းပြများက တစ်ရက်တာ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**အောင်ရဲကျော်**



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့်တွေ့ဆုံ၊ စားသောက်ကုန်များ ထောက်ပံ့



**မန္တလေး ဩဂုတ် ၂၆**

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ဝန်ထမ်းများနှင့်တွေ့ဆုံပွဲကို ဩဂုတ် ၂၅ ရက် နံနက် ၁၀ နာရီက ကြက်တောင်အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က အဖွင့်အမှာစကား ပြောကြားပြီး ဝန်ထမ်းများက တင်ပြလာသည့်အပေါ် ကျောင်းအုပ်ကြီးက ပြန်လည် ရှင်းလင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ဝူရှူး (ထောက်လု၊ ဆန်းဆို) ဒိုင်သင်တန်း၊ ဘော်လီဘောနည်းပြသင်တန်းနှင့် ကိုယ်ကာယကြံ့ခိုင်မှု သင်တန်းသို့ တက်ရောက်ကြမည့် နည်းပြ ငါးဦးအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေများပေးအပ်ပြီး၊ ဝန်ထမ်းသက်သာချောင်ချိရေးအတွက် ဆန်၊ ဆီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**(ဝဲပုံ)(၀၄၅)**

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**မကွေး ဩဂုတ် ၂၆**

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ပြင်ဆင်ထိန်းသိမ်းခြင်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။



ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းတွင် အသုံးပြုမည့် (MEVM) မဲပေးစက်ပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာ ဆက်စပ်ပစ္စည်းများ ခင်းကျင်းထားမှုအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဩဂုတ် ၂၄ရက်မှ ၂၈ ရက်အထိ မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# မန္တလေးမြို့ရှိ သာသနာရေး၊ လူမှုရေး အသင်းအဖွဲ့များသို့ မွေးနေ့အထိမ်းအမှတ် ငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၂၆**

မန္တလေးမြို့ရှိ သာသနာရေး၊ လူမှုရေး အသင်းအဖွဲ့များသို့ မွေးနေ့အထိမ်းအမှတ် အလှူငွေလှူဒါန်းပွဲကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ ကျွဲဆည်ကန်ရပ်ကွက်ရှိ အလှူရှင်နေအိမ်၌ ကျင်းပခဲ့သည်။

ငွေလှူဒါန်းပွဲတွင် အလှူရှင် ဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကို + အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေဥ (ထာဝရမိသားစု)က ဒေါ်ရွှေဥ၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ တိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်းဆောင်နှင့် ကြီးကြပ်မှုကော်မတီဝင်များကလည်းကောင်း၊ မဟာလူမှုကယ်ဆယ်ရေးအဖွဲ့သို့ လိုအပ်သည့်နေရာများတွင် အသုံးပြုရန် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းရာ အသင်းနာယက ဦးမျိုးဝင်းအောင်၊ ဥက္ကဋ္ဌ ဒေါက်တာသက်ထွန်းဝင်းကလည်းကောင်း၊ မန္တလေး အဆင့်မြင့်ဈေးချိုတော်၊ ပထမထပ် ရွှေဆိုင်တန်းအမျိုးသမီးအဖွဲ့မှ ဆွမ်း၊ သင်္ကန်းနှင့် လိုအပ်သည့် နေရာများတွင် လှူဒါန်းရန် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၄၅)

# ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**မိုးကောင်း ဩဂုတ် ၂၆**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကူဘိုတာကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသခြင်းကို မြတောင်ကျေးရွာနေ ဦးနေလင်းအောင်၏ ကွင်းအမှတ်(၆၄)၌ ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ကူဘိုတာကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းအား တောင်သူလယ်သမားများနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များ လေ့လာသိရှိပြီး အသုံးပြုစိုက်ပျိုးလာစေရန် ရည်ရွယ်၍ ကွင်းသရုပ်ပြသခြင်းဖြစ်သည်။

ကူဘိုတာခြောက်တန်းသွားကောက်စိုက်စက်ဖြင့် ကွင်းသရုပ်ပြသခြင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းအောင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးနေလင်းစိုးနှင့် ဦးမျိုးထိုက်၊ မြို့နယ်ခေတ္တအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာနေ တောင်သူလယ်သမားများနှင့် ပြည်သူများ တက်ရောက်ကြည့်ရှုကြသည်။

အဆိုပါ ကူဘိုတာခြောက်တန်းသွားကောက်စိုက်စက် အသုံးပြုခြင်းကြောင့် တစ်ရက်လျှင် ခြောက်ဧကအထိ ပြီးစီးနိုင်ပြီး လုပ်အားခနှင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်သက်သာ၍ အပင်ပြုစုခြင်း၊ ရိတ်သိမ်းခြွေလှေ့ရာတွင်လွယ်ကူပြီး စပါးအထွက်ကောင်းမွန်စေကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# (VRFP) စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဩဂုတ် ၂၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ လွန်ကောင်းကျေးရွာ၌ ကျေးရွာမ,တည်စီမံကိန်း ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၅ ရက်က လွန်ကောင်းကျေးရွာ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံ၍ ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ (ဝဲပုံ)

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ်သိန်း ၄၂၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမ,တည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးအား ငွေကျပ်သိန်း ၄၂၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

**အောင်ရဲကျော်**

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ကန့်ဘလူ ဩဂုတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၅ ရက် မွန်းလွဲ ၃ နာရီက မြို့မအားကစားကွင်း (ဘောလုံးကွင်း)၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြင့်မိုရ်(ကိုယ်ပိုင်ကျောင်း-ကန့်ဘလူ)အသင်းနှင့် ဟိန်း(ကိုယ်ပိုင်ကျောင်း-ကျွန်းလှ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျနေ၍ အချိန်ပိုဆက်လက်ကစားရာ ဂိုးမသွင်းနိုင်ကြ၍ ပင်နယ်တီအဆုံးအဖြတ်ဖြင့် မြင့်မိုရ်အသင်းက ကိုးဂိုး၊ ရှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ကန့်ဘလူခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဦးနှင့် တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက်နေရာအလိုက် အကောင်းဆုံးကစားသမားဆု၊ ပထမဆု မြင့်မိုရ်၊ ဒုတိယဆု ဟိန်းနှင့် တတိယဆု (ကိုယ်ပိုင်ကျောင်း-ကန့်ဘလူ) အသင်းတို့အား တံခွန်စိုက်ဒိုင်းဆု၊ ဂုဏ်ပြုဆုငွေများနှင့် ဆုတံဆိပ်များ အသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဩဂုတ် ၁၃ ရက်မှ ၂၅ ရက်အထိ အသင်းပေါင်း ၁၃ သင်း (ကန့်ဘလူမြို့၊ ကျွန်းလှမြို့ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ) ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေးသင်တန်းဖွင့်

**မိတ္ထီလာ ဩဂုတ် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၌ အခြေခံပညာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်အဆင်သင့်ဖြစ်မှုမြှင့်တင်ရေးသင်တန်း(မြို့နယ်အဆင့်)ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အ·ထ·က(၁)ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ကွန်ပျူတာ၊ မှတ်တမ်း)ဒေါ်လီလီအောင်က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၇ ဦး၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ လေ့လာသူ ငါးဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၅၃)



# တရားဦးဓမ္မစကြာတရားတော်(၃)

ဒေါက်တာခင်ဝင်းကြည်



သိင်္ဂါလောဝါဒသုတ်တစ်ခုထဲမှာကို **လူမှုအဖွဲ့အစည်းတစ်ခုအတွင်း** အတူတကွ နေထိုင်ကြတဲ့ လူတိုင်း လူတိုင်း **သက်ဆိုင်ရာ တာဝန်တွေ၊ ဝတ္တရားတွေရှိကြောင်း၊** ကိုယ့်နေရာနဲ့ကိုယ် **ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်စွာ ထမ်းဆောင်ပါမှ** လူ့အဖွဲ့အစည်းလည်း တိုးတက်သလို မိမိကိုယ်တိုင်လည်း **အောင်မြင်တဲ့ လူတစ်ယောက်** လူ့အဖွဲ့အစည်းအတွင်းမှာ **လူတော်တစ်ယောက်** လို့ အသိအမှတ်ပြုခံရမှာဖြစ်ကြောင်း ညွှန်ပြမိန့်ကြားတော်မူခဲ့ပါတယ်။

လူမှုအဖွဲ့အစည်းတစ်ခု မားမားမတ်မတ် ရပ်တည်နိုင်ဖို့ အထောက်အကူပေးနေတဲ့ လူမှုဆက်ဆံရေး အမျိုးမျိုးရှိတဲ့အထဲမှာ **ဇနီး၊ ခင်ပွန်းဆက်ဆံရေးဆိုတာ** အခြေခံအကျဆုံးနဲ့ **အရေးအကြီးဆုံး**ဖြစ်ပါတယ်။

ဒါကြောင့်လည်း သိင်္ဂါလောဝါဒသုတ်မှာ **ခင်ပွန်းယောကျ်ား**တစ်ယောက်အနေနဲ့ ဘယ်လို **တာဝန်ဝတ္တရားတွေရှိပြီး** အပြန်အလှန်အားဖြင့် ဇနီးသည်အမျိုးသမီးအနေနဲ့ ခင်ပွန်းနဲ့ပတ်သက်ပြီး **ဘယ်လိုတာဝန်ဝတ္တရားတွေရှိသင့်တယ်ဆို**တာကို ဆုံးမညွှန်ကြားတော်မူခဲ့ပါတယ်။

ထိုနည်းတူ **ဆရာနဲ့တပည့်၊ မိဘနဲ့သားသမီး၊ အလုပ်ရှင်နဲ့အလုပ်သမား၊ အုပ်ချုပ်သူနဲ့ပြည်သူပြည်သားများ** အစရှိသဖြင့် **အပြန်အလှန်**ဘယ်လိုဆက်ဆံကြရမလဲ၊ **ဘာတာဝန်တွေယူကြရမလဲ** ဆိုတာ မြတ်စွာဘုရားရှင်က လွန်ခဲ့တဲ့နှစ်ပေါင်း (၂၆၀၀)ကျော်လောက်ကတည်းက လမ်းညွှန်တော်မူခဲ့တာပါ။

ဘယ်သူဟာ ဘာပဲဖြစ်ဖြစ် လူတိုင်းလူတိုင်းမှာ သက်ဆိုင်ရာ တာဝန်တွေ ဝတ္တရားတွေ အသီးသီးရှိကြပါတယ်။ တကယ်လို့ လူတစ်ယောက်က **အဲ့ဒီတာဝန်ဝတ္တရားတွေ ပျက်ကွက်နေမယ်ဆိုရင်** အဲ့ဒီလူရှိတဲ့ အဖွဲ့အစည်းထဲက လူတိုင်းက သူ့ကို မလေးစားတော့ဘူး။ အထင်သေးသွားပါ့မယ်။

ရလဒ်အနေနဲ့ သူ့ဘဝမှာ အောင်မြင်ဖို့ ခက်ခဲသွားပါလိမ့်မယ်။ အဖြစ်နိုင်ဆုံးက ဒီလူ့အနေနဲ့ နောက်လာမယ့် **ဘဝဘဝတွေမှာလည်း အခြေအနေကောင်းနိုင်တော့မှာ မဟုတ်ဘူး** ဆိုတာ ကျွန်မတို့ တွက်ဆလို့ရပါတယ်။

အဲ့ဒီတော့ မြတ်စွာဘုရားရှင်ဟောကြားတော်မူခဲ့တဲ့ တရားတော်များအားလုံးကို ခြုံငုံကြည့်မယ်ဆိုရင်...

၁။ အိုနာသေ အပါအဝင် ဒုက္ခခပ်သိမ်းငြိမ်းအေးရာမှန် **မြတ်နိဗ္ဗာန်ကို ရည်ရွယ်တဲ့ တရားတော်များ**
(လောကုတ္တရာတရားများ)

၂။ ကုသိုလ်ကောင်းမှုများနဲ့ မွေ့လျော်တဲ့ **လူကောင်းတစ်ယောက်။**

လူမယ်၊ တန်းမယ်၊ **ဒါနလုပ်ဖို့** အမြဲအာရုံရှိပြီး လှူဒါန်းပေးကမ်းမှုတွေ မပြတ်ကြိုးစားလုပ်ကိုင်နေတဲ့ လူတစ်ယောက်။

ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ အစရှိသဖြင့် သီလကို စောင့်ထိန်းနေတဲ့လူ **(ကိုယ်နဲ့နှုတ်ကို စောင့်ထိန်းနေတဲ့လူတစ်ယောက်)** အဖြစ် ဘဝကို အကျိုးရှိရှိဖြတ်သန်းဖို့ သတိပေးဆုံးမတော်မူတဲ့ တရားတော်များ။

၃။ **သမထဘာဝနာ**တွေလုပ်ရင်း မျောက်တစ်ကောင်လို အငြိမ်နည်းနည်းလေးမှမနေ တစ်ချိန်လုံး ကမ္ဘာပတ်နေတဲ့ ကျွန်မတို့ရဲ့ **စိတ်ကို တည်တည်ငြိမ်ငြိမ်**ဖြစ်အောင်ထားဖို့၊ အကုသိုလ်ဖြစ်စေမယ့် မကောင်းတဲ့ အာရုံတွေဘက်ကို ရောက်ရောက်မသွားစေဖို့ **သမာဓိ(စိတ်၏ တည်ငြိမ်မှု)**တည်ဆောက်တဲ့နည်းတွေ ပေးတော်မူတဲ့ တရားတော်များ ပါဝင်ပါတယ်။

၄။ နောက်တစ်ဆင့် **ဝိပဿနာ ဘာဝနာ**တွေ လုပ်ရင်းလုပ်ရင်း သဘာဝတရားကို နက်နက်ရှိုင်းရှိုင်းကြည့်လိုက်ရင် သဘာဝတရားမှာ တကယ်ရှိတာက **ရုပ်တရားတွေနဲ့ နာမ်တရားတွေ**ပဲရှိ။ ရုပ်တရားတွေနဲ့ နာမ်တရားတွေရဲ့ **အစုတွေ**ကိုပဲ **ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ** စသဖြင့် နေ့စဉ်လက်တွေ့ဘဝမှာ လွယ်ကူချောမွေ့စေဖို့ အမည်ပေး(ပညတ်) သတ်မှတ်ခေါ်ဝေါ်တာတွေ ဖြစ်ပါတယ်။

ရုပ်တရား၊ နာမ်တရားအားလုံး ဘာတစ်ခုမှ မမြဲဘူး။ အမြဲတမ်းကံ၊ စိတ်၊ ဥတု၊ အာဟာရ အစရှိတဲ့အကြောင်းတွေကြောင့် **ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်**နေကြတယ်။

(စာသံပေသံနဲ့ဆို အနိစ္စ)မမြဲတဲ့ ရုပ်တွေ နာမ်တွေနဲ့ ကြုံနေရတာ ဒုက္ခနှစ်သက်စရာ မကောင်းဘူး။ စိတ်ပျက်စရာပါပဲ။ ဘာမဆို **သူ့သဘောနဲ့သူ ပြောင်းလဲဖြစ်ပျက်**နေတာ။

ကိုယ်ဖြစ်စေချင်တာ ကိုယ်မဖြစ်စေချင်တာနဲ့ ဘာမှမဆိုင်ဘူး။ ကိုယ်က ဒီလို ဖြစ်ရမယ်၊ ဟိုလို ဖြစ်ရမယ်ဆိုတာ ဘာမှပြောလို့မရပါဘူး။ (စာသံပေသံနဲ့ဆို အနတ္တ)သက်ရှိသက်မဲ့ (ကိုယ်အပါအဝင်)**ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက်** အနတ္တပဲပေါ့။

သဘာဝတရားအတွင်းမှာရှိတဲ့ သက်ရှိသက်မဲ့ကို သာမန်**အပေါ်ယံပဲ ကြည့်ရင်**တော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာ မမြင်ပါဘူး။ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဆိုတဲ့ သတ်မှတ်ချက် **ပညတ်တွေကိုပဲ မြင်**မှာပါ။ **နိစ္စ၊ သုခ၊ အတ္တ**လို့ပဲ ထင်နေမှာပါ။

အပေါ်ယံမဟုတ် တကယ့်ကို နက်နက်ရှိုင်းရှိုင်း **အထူးအားဖြင့် (ဝိ)ရှုကြည့်(ပဿန)**ပါမှ အားလုံး ရုပ်နဲ့ နာမ်ချည်းပါလား၊ မမြဲပါလား။ ဒုက္ခပါလား။ အစိုးမရပါလားဆိုတာ **အရှိကို အရှိအတိုင်း ယထာဘူတကျကျ မြင်လာမှာ** ဖြစ်ပါတယ်။

ဒီလိုမျိုးမြင်လာပြီဆိုရင်တော့ **မမြဲတာကြီး စွဲနေလို့** ဘာလုပ်မှာလဲ။ **မမြဲတာတွေကိုဘဲ တွေ့နေရတာ၊** မမြဲတာတွေနဲ့ဘဲ တွဲနေရတာ ဘာလုပ်မှာလဲ။ သူ့သဘော သူဆောင် ဖြစ်ချိန်တန်ဖြစ် ပျက်ချိန်တန်ပျက် **ကိုယ့်အလို ကိုယ့်အကြိုက်လိုက်တယ်လို့မှ မရှိတာ ဒီရုပ်တွေ၊ ဒီနာမ်တွေ စွဲနေလို့ရော ဘာအကျိုးရှိမှာလဲ** ဆိုတာ **မြင်လာမယ်။** **ငြီးငွေ့လာမယ်**(နိဗ္ဗိဒါ) ဝိပဿနာရှုပါများရင် တဖြည်းဖြည်းနဲ့ ငြီးငွေ့ရာကတစ်ဆင့် အဲ့ဒါတွေအပေါ် **စွဲလမ်းမှုကင်းပြတ်သွားမယ်**(ဝိရာဂဉာဏ်အမြင်)။ ကင်းပြတ်ပြီဆိုတဲ့နောက်တော့ **လွတ်ပြီပေါ့။** (ဝိမုတ္တိဉာဏ်အမြင်)တစ်ဆက်တည်း လွတ်သွားပြီဆိုတာကိုလည်း ပြန်လည်သုံးသပ်ဆင်ခြင်သိမြင်နိုင်စွမ်းရှိလာပါမယ်။ ဒါကို ပါဠိလိုတော့ ပစ္စဝေက္ခဏာဉာဏ်အမြင်လို့ ခေါ်ပါတယ်။

ဝိရာဂ ဉာဏ်အမြင်ဆိုတာက ကျွန်မတို့ ကြားဖူးကြတဲ့ **မဂ်ဉာဏ်**။ ဝိမုတ္တိဉာဏ်အမြင်ဆိုတာက **ဖိုလ်ဉာဏ်**ကို ပြောတာပါ။

မဂ်ဉာဏ်၊ ဖိုဉာဏ်ရပြီဆိုရင် အရိယာသူတော်သူမြတ် မြင့်မြတ်တဲ့လူသား(a noble man) ဖြစ်ပြီပေါ့။

အထက်မှာ ပြောခဲ့သလို မြင့်မြတ်တဲ့လူသား ပထမဦးဆုံး စဖြစ်ပြီဆိုရင် သောတာပန်ပုဂ္ဂိုလ်။

အဲ့ဒီထက် ပိုပြီး စင်ကြယ်သွားတယ်ဆိုရင် **သကဒါဂါမ် ပုဂ္ဂိုလ်** နောက်တစ်ဆင့် **အနာဂါမ် ပုဂ္ဂိုလ်** လုံးဝဖြူစင်သွားပြီး လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ၊ မာနအစရှိတဲ့ တရားဆိုးကိလေသာတွေ ကုန်သွားရင်တော့ အမြင့်မြတ်ဆုံး ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားပါပြီ။ အိုနာသေ အပါအဝင် ဒုက္ခအားလုံး ချုပ်ငြိမ်းသွားပါပြီ။

အခု နံပါတ်(၄)မှာ ပြောခဲ့တာက မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေထဲမှာ **ဝိပဿနာ ဘာဝနာ**ဆိုတဲ့ ထပ်ပြန်တလဲလဲ အဆက်မပြတ် နက်နက်ရှိုင်းရှိုင်း ထွင်းဖောက်သိမြင် နားလည်အောင် ကြိုးစားတဲ့နည်းနဲ့ သက်ရှိသက်မဲ့အရာအားလုံးကို လေ့လာရင်း **မြင့်မြတ်တဲ့လူသားတစ်ယောက်အဖြစ် ရောက်ရှိလာပုံ**ကို အကြမ်းဖျင်း တင်ပြထားခြင်း ဖြစ်ပါတယ်။

မြင့်မြတ်တဲ့လူသားတစ်ယောက်အပြည့်အဝ ဖြစ်လာပြီဆိုတဲ့ တစ်နေ့၊ တစ်နည်း ရဟန္တာဖြစ်သွားတဲ့တစ်နေ့၊ အရဟတ္တ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရပြီဆိုတဲ့တစ်နေ့မှာတော့ ဒုက္ခခပ်သိမ်းငြိမ်းသွားပြီဖြစ်ကြောင်း မြတ်စွာဘုရားရှင်က မိန့်ဆိုတော်မူခဲ့ပါတယ်။

၅။ မြတ်စွာဘုရားရှင် ၄၅ နှစ်လုံးလုံး ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေထဲမှာ **လက်တွေ့ဘဝမှာ အောင်မြင်တဲ့လူတစ်ယောက်၊ လူတော်တစ်ယောက်ဖြစ်ဖို့ရာ** လုပ်ဆောင်သင့်တဲ့အရာတွေ၊ မလုပ်ဆောင်သင့်တဲ့အရာတွေကိုလည်း တိတိကျကျ **လမ်းညွှန်မှုပေးတော်မူခဲ့ကြောင်း** တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဲ့ဒီလို မြတ်စွာဘုရားရှင်က ကျွန်မတို့ လူသားတွေအတွက် လူတော်ဖြစ်ဖို့ လူကောင်းဖြစ်ဖို့ မြင့်မြတ်တဲ့လူသားတစ်ယောက်ဖြစ်ဖို့ ဘက်စုံ ထောင့်စုံမှ တိကျတဲ့ ဆုံးမစကားတွေ (တစ်နည်း) လမ်းညွှန်မှုတွေ ပေးတော်မူခဲ့တာ ဖြစ်ပါတယ်။ **အခုဘဝ**အတွက်ရော **နောင်လာမယ့် ဘဝ ဘဝတွေ**အတွက်ပါ **ကောင်းကျိုးချမ်းသာတွေ ရရှိခံစားနိုင်ဖို့** နောက်ဆုံးဒုက္ခတွေ တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့နေရတဲ့ဘဝ (တစ်နည်း) **၃၁ ဘုံမှာ ကျင်လည်နေရတဲ့အဖြစ်က လွတ်မြောက်ဖို့ရာလမ်း**မှအစ **ညွှန်ကြားပြသပေးတော်**မူခဲ့တာ ဖြစ်ပါတယ်။

ဘုရားရှင်ရဲ့ တရားတော်များကို ကျွန်မလက်လှမ်းမီသ၍ ဉာဏ်မီသ၍ အတတ်နိုင်ဆုံး ကြိုးစားလေ့လာရင်း ဘုရားရှင်ရဲ့ ကျွန်မတို့ လူသားအားလုံးအပေါ် **ကောင်းစေလိုတဲ့မေတ္တာ**။ အိုနာ သေ ဒုက္ခတွင်းထဲမှာ နစ်နေတာ ၃၁ ဘုံမှာ မြောချင်သလိုမြောနေတဲ့ ဒုက္ခကို မမြင်ရက်၊ မကြည့်ရက်လို့ **ဒုက္ခတွေက လွတ်စေလိုတဲ့ ကရုဏာ၊** အဲ့ဒီမေတ္တာ၊ ကရုဏာတွေရဲ့ အတိုင်းအတာကလည်း **ဘာနဲ့မှ နှိုင်းယှဉ်လို့မရအောင်ကြီးမားလှ**ပါပေတယ်။ ဒီမေတ္တာ၊ ကရုဏာတွေကြောင့်ပဲ **နှစ်ပေါင်း ကုဋေ၊ ကုဋာ၊ ဘဝပေါင်း ကုဋေ၊ ကုဋာချီပြီး ဒုက္ခခံ၍** ပါရမီတွေ ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်တော်ကြီးကိုရအောင်ယူခဲ့တော်မူခဲ့ခြင်း ဖြစ်ပါတယ်။

သဗ္ဗညုတဉာဏ်တော်ရပြီးတဲ့နောက်မှာလည်း ဘာတရားမှ မဟောဘဲ အေးအေးဆေးဆေးနေလို့ရတာကို အထူးတလည် **အပင်ပန်းခံပြီး တရားတွေ ဟော**လိုက်တာ လူတော်ဖြစ်ဖို့၊ လူကောင်းဖြစ်ဖို့၊ မြင့်မြတ်တဲ့ လူသားဖြစ်ဖို့ နည်းလမ်းတွေ ဆောင်ရန်၊ ရှောင်ရန်တွေ ဆောင်ရင် ဘာဖြစ်မယ်၊ ရှောင်ရင် ဘာဖြစ်မယ်ဆိုတဲ့ အကျိုးဆက်တွေပါမကျန် နည်းမျိုးစုံနဲ့ **လမ်းပြပေးတော်မူခဲ့ပါတယ်။**

ကျွန်မတို့တစ်တွေကလည်း ဉာဏ်ပညာအမြော်အမြင်က အတော်နည်း၊ အပျော်အပါးက မက်၊ အလွယ်လမ်းကိုမှ လိုက်ချင်တဲ့ လူကများတာ မဟုတ်ပါလား။

ဒီတော့ ဘုရားရှင်ကလည်း ကျွန်မတို့တစ်တွေကို ဆိုဆုံးမတဲ့အခါ ဘုရားရှင်ကလည်းအတော်ကို ပင်ပန်းတော်မူရှာမယ် ထင်ပါတယ်။

အခုလည်း **ဘုရားရှင် တရားတွေ စ,ဟောတာ** အတိအကျပြောရရင် အေဒီ ၂၀၂၆+ဘီစီ ၅၈၈ ဆိုတော့ **နှစ်ပေါင်း ၂၆၁၄** နှစ် ရှိသွားပါပြီ။ ကျွန်မတို့က လူဖြစ်နေတာကို ပျော်စရာဆိုပြီး ပျော်နေကြတုန်း။ ၃၁ ဘုံလည်ရဦးမှာလည်း မေ့ထားကြတုန်းပါလား။

ဘယ်လိုပဲ ပျော်နေပျော်နေ ဘယ်လိုပဲ မေ့ထားမေ့ထား ကျွန်မတို့တစ်တွေ ဗုဒ္ဓဘာသာကိုလက်ခံယုံကြည်တဲ့ **ဗုဒ္ဓဘာသာဝင်တွေ**ပါလို့ ပြောနေကြတာဆိုတော့၊ ကျွန်မတို့ နေ့စဉ်နဲ့အမျှ ရှိခိုးနေကြတာဆိုတော့ ကျွန်မတို့ ရှိခိုးနေကြတဲ့ **ဂေါတမဗုဒ္ဓဘုရားရှင် ပထမဦးဆုံး ဟောကြားတော်မူခဲ့တဲ့ ဓမ္မစကြာတရားတော်မှာ ဘာတွေများ မိန့်ကြားတော်မူခဲ့ပါသလဲ** ဆိုတာကို နည်းနည်းလောက် ကြည့်ကြရအောင်ပါ။

ကျွန်မ ဖတ်ထား၊ မှတ်ထားမိသလောက်၊ ဉာဏ်မီသလောက် ကြိုးစားဝေမျှသွားပါမယ်။

ကျွန်မတို့တစ်တွေ ဘဝရပ်တည်ရေးအတွက် နေ့စဉ်လက်တွေ့ဘဝ လုပ်ရင်းကိုင်ရင်းနဲ့ပဲ ဘုရားရှင်ရဲ့ အဆုံးအမတွေကို နည်းနည်းလေးဖြစ်ဖြစ် အချိန်ပေးလေ့လာကြရအောင်ပါ။

## လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မီးသွေးဖုတ် အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ဘဝတိုးတက်အောင် စာဖတ်ကြပါစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ရီရီထွေးက စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း၊ ကုန်စည်နှင့် စပ်လျဉ်း၍ အာမခံချက်ပေးခြင်း ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဒေါ်အိန္ဒြာအောင်က ပလတ်စတစ်သုံးစွဲမှု၏ ဆိုးကျိုးများနှင့် ပလတ်စတစ်လျှော့ချရန် နည်းလမ်းကိုးမျိုး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှထုတ်ဝေသည့် လက်ကမ်းစာစောင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသည့် လက်ကမ်းစာစောင်နှင့် အသိပညာပေးစာစောင်များကို ကျောင်းသား၊ ကျောင်းသူများအား ဖြန့်ဝေခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စော်ထက်(သရက်)**

၀-၀-၀-၀-၀



## ကျေးရွာချင်းဆက်လမ်း တာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**မိုးညှင်း ဩဂုတ် ၂၆**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် မိုးညှင်းမြို့နယ် အုတ်ကျင်း-ပင်ရဲလှ-နန့်ပုတ် ကျေးရွာချင်းဆက်လမ်း လမ်းဘေးဝဲ၊ ယာ တာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်ကျင်း-ပင်ရဲလှ-နန့်ပုတ် ကျေးရွာချင်းဆက်လမ်း အရှည်(၅)ဖာလုံ၊ အကျယ်(၁၈)ပေနှင့် ထု(၆)လက်မရှိ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၃၅၉ ဒသမ ၀၈၅သန်းဖြင့် တင်ဒါအောင်မြင်သည့် Aries And Co မှ တာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေး ထိန်းသိမ်းရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်မိုးဝင်း ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှု စစ်ဆေးကြပြီး လုပ်ငန်းများ အလျင်အမြန်အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးနှင့် သတ်မှတ်စံချိန်၊ စံညွှန်းများအတိုင်း ပြည့်မီစွာဖြင့် ဆောင်ရွက်သွားနိုင်ရေးတို့ကို ပြောကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

(ဓါတ်ပုံ)

**ရွှေမိုးညှင်း**

၀-၀-၀-၀-၀

၀-၀-၀






## စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**တာလေ ဩဂုတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များအား ဉာဏ်ရည်၊ ဉာဏ်သွေး ထက်မြက်စေရန်နှင့် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီတာအေးက ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြိုင်ပွဲများအား ကျင်းပခဲ့ရာ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင် ယုန်လေး

### ဝါခေါင်သွန်းဖြိုး ပုလဲမိုး

* တိမ်မည်းညို သိုင်းယှက်ကူးပါလို့
လေပြည်ဖြူး တန်ဆာဆင်
လယ်မြေတစ်ခွင်။

* ရွာချဖို့ ဟန်ကိုပြင်
ရွာစေချင် ဝသန်လ။
ပျိုတို့မောင် ထွန်ယက်ပျိုးရအောင်
မိုးပုလဲမှျူ။

* ကောက်စိုက်လုံမေ ရွှံ့မြေခပါတော့
သဘာဝအလှပါပေ
ပြုံးပန်းလှိုင်ဝေ။
မိုးစပါးအတွက် ပျိုးချနေ
သံပြိုင်လေ တေးဆိုကျူး။
လဝါခေါင် မိုးစက်ဖွေးရယ်က
အေးချမ်းရွှင်မြူး။

* ဒီတစ်မိုးကုန် ဝါကျွတ်ကူးမှာဖြင့်
မှန်းရည်စူး ကသိုလ်အခါ
အလှူပြုမှာ။
စပါးခင်းတို့ ဝင်းဝါဝါ
နေခြည်ဖြာ ရွှေရည်လောင်း။
ပုလဲမိုးရွာ သွန်းဆက်ပြုပါပေါ့
တို့များဆုတောင်း။ ။

**မင်းမြတ်မိုး(မန်းမြေ)**

သန့်ရှင်းစိမ်းလန်းသော
အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို
ပြန်လည်ပြုပြင်
သုံးစွဲစို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၁၄)၊ ဦးပိုင်နံပါတ်(၂-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်မြနွယ် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးရှောက်စန်း(ဘ)ဦးလောက်ကျုံ(၁၃/လရန(နိုင်)၁၈၄၁၇၈)နှင့် ဦးရန်လော်အဲ(ဘ)ဦးရန်ကျင်းနိမ်(၁၃/လရန(နိုင်)၀၀၅၆၃၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၄၄)၊ ဦးပိုင်နံပါတ်(၃၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးရန်ကြာမောက် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသီဟစိုး(ဘ)ဦးဘိုမြင့်(၉/အမဇ(နိုင်)၀၃၁၇၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၁)၊ ဦးပိုင်နံပါတ်(၅၉)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်၏ တောင်ဘက်အစွန်ဆုံးနှင့်ကပ်လျက် မြောက်ဘက်ခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရသူ ဦးမြဝင်း ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး) ဒေါ်ငွေ(ဘ)ဦးစိုးငွေ(၅/မမန(နိုင်)၁၃၇၅၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၃၀)၊ ဦးပိုင်နံပါတ်(၃၀-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ ၃၀ × ၄၅ ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်မြမူ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း (၁၅ ပေ × ၄၅ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးငြိမ်းသူနိုင်(ဘ)ဦးမြင့်လွင်(၉/ပကခ(နိုင်)၀၁၄၈၇၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၃)၊ ဦးပိုင်နံပါတ်(၂၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးသောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀ × ၄၀) ထဲမှ မြောက်ဘက်ပိုင်း (၁၀ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသက်ဆွေဦး(ဘ)ဦးဗိုလ်လွင်(၉/မခန(နိုင်)၁၇၇၅၂၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဦးဖြိုးသာစန့် (LL.B)** **ဦးစည်သူအောင် (LL.B)** **ဒေါ်သဲမိုမိုထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၉)၊ ဦးပိုင်နံပါတ်(၄၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးကျော်စွာမိုး အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၃၀ × ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်မြင့်(ဘ)ဦးရှင်းဂျူ(၁၃/လရန(နိုင်)၁၇၃၄၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဦးဝေဖြိုးသူ (LL.M)** **ဦးဖြိုးသာစန့် (LL.B)** **ဒေါ်ကောင်းစုဝမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၃)၊ ဦးပိုင်နံပါတ်(၄၆-ခ/၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၀၆၈)ဧက အကျယ်အဝန်းရှိ ဦးလှမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးဝင်းဆွေ(ဘ)ဦးကျော်သိန်း(၉/ပသက(နိုင်)၀၃၄၆၁၅)နှင့် ဒေါ်မြခင်(ဘ)ဦးထွန်းဟန်(၉/ပသက(နိုင်) ၀၃၄၆၁၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၆)၊ ဦးပိုင်နံပါတ်(၃၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးအေးမြင့် အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမြင့်စိုး(ဘ)ဦးတင်အေး(၂/လကန(နိုင်)၀၄၉၉၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်(၉၀၈ စ/၄၁၀)၊ ဦးပိုင်အမှတ်(၁၈)၊ မြေကွက်ပေါ်တွင် ဦးကြည်လွင်(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၉၈၉၅၁)က RC (၄)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁)၊ ဦးပိုင်အမှတ်(၄၀)၊ မြေကွက်ပေါ်တွင် ဒေါ်ဝတ်ရည်မိုး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/ကမန(နိုင်)၀၃၀၄၃၂)က RC (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ကြော်ငြာစာ(ခြံစည်းရိုး)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁၆-က)၊ ဦးပိုင်အမှတ်(၄၇)၊ မြေကွက်ပေါ်တွင် ဒေါ်ဖြူဖြူလွင် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/အမဇ(နိုင်)၀၁၀၀၉၀)က ဝင်းခြံကာရံခွင့်(ခြံစည်းရိုး)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

# ကျေးဇူးတင်လွှာ

**ဘုရား၊ ကျောင်း၊ စာချကျောင်း၊ သိမ်၊ ရေတွင်းရေကန်၊ ဇရပ်၊ လမ်းတံတား၊ ရဟန်းအလှူ့ဒါယိကာမကြီး**

## ဒေါ်ဆွဲ (ခ) ဒေါ်ညွန့်ညွန့် အသက်(၉၀)နှစ်

### သမာဓိ ကားပစ္စည်းနှင့် စက်သုံးဆီရောင်းဝယ်ရေး

အနန္တဂိုဏ်းဝင်ကျေးဇူးရှင် မိခင်ကြီး၏ ဈာပနကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးကြပြီး နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသည့် ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ လှူဖွယ်ဝတ္ထု၊ သက်န်း၊ လွှမ်းသူ့ပန်းခြင်းများပေးပို့ကြပါသော မိတ်ဆွေများ၊ ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ တုသိတာညီအစ်မများအဖွဲ့၊ ဘန်ကောက်ရောက်ချစ်မေမေများ၊ ရပ်ကွက်ရပ်မိရပ်ဖများ၊ ကုန်သည်မိတ်ဖက်များ၊ မန္တလေးတိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ ကားဝပ်ရှော့များ၊ ကား Service Center များ၊ စက်သုံးဆီလုပ်ငန်းရှင်များ၊ White Family ပညာရေးမိသားစုများ၊ ပုလဲလူငယ်အသင်း၊ ဗြဟ္မစိုရ် လူမှုကူညီရေးအသင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ အားပေးစကားပြောကြားပေးကြသူများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

မိခင်ကြီး မကျန်းမာသည့်အချိန်မှစ၍ ကွယ်လွန်သည့်အချိန်အထိ အကောင်းဆုံးကုသမှုများနှင့် ဂရုစိုက်စောင့်ရှောက်ပေးခဲ့ကြပါသော သမားတော်ကြီးများ၊ ဆရာဝန်ကြီးများအား မှတ်တမ်းတင်ဂါရဝပြုပြီး ကျေးဇူးအထူးတင်ရှိပါသည်။

အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော မိတ်ဆွေများ၊ ဆွေမျိုးများ၊ ကုန်သည်မိတ်ဖက်များ၊ လူမှုရေးအသင်းများ၊ ဆရာဝန်ကြီးများအားလုံး၏ မေတ္တာနှင့် စေတနာများကို ကျန်ရစ်သူမိသားစုဝင်များအနေဖြင့် အစဉ်အမြဲအမှတ်ရနေမည်ဖြစ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(၈/၇၃၇)၊ အရှေ့ဘက်ခြမ်း(၃၀×၄၀)ပေ အတွင်းမှ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ ဒေါ်လှလှမြင့် အမည်ပေါက် စလစ်မူရင်း၊ ငွေသွင်းမိတ္တူ၊ ဦးအောင်ရွှေ အမည်ဖြင့် ဂရန်၊ မြေပုံမိတ္တူ၊ ဆက်စပ်စာချုပ်များ၊ မြေနှင့်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသည့် ဦးဝင်းမြင့်အောင်(၉/မရတ(နိုင်)၀၇၃၅၀၂)ကိုင်ဆောင်သူထံမှ ဒေါ်နှင်းနှင်းလွင်(၁/မညန(နိုင်)၀၇၅၃၄၃)ကိုင်ဆောင်သူသည် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း နိုင်လုံသည့် တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံမှတစ်ဆင့်ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နှင်းနှင်းလွင်၏ လွှဲအပ်ချက်အရ**
**ဦးစာဏီဟိန်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၀၇)**
**မြို့မရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၇၉၇၇၉၇၆၇၂**

---

## “အရပ်ရပ်ဆိုင်ရာအစည်းအဝေးဖိတ်ကြားလွှာ”
## မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်
## ရာဇာစိုးငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏
## ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်

နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အသင်းလုပ်အမှုဆောင်အဖွဲ့သစ်ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ မပျက်မကွက် တက်ရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**နေ့ရက်** – ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက် (တနင်္ဂနွေနေ့)
**အချိန်** – နံနက်(၁၀:၀၀)နာရီတိတိ
**နေရာ** – ချမ်းမြသာစည်မြို့နယ်၊ အသင်းစုရုံးအပေါ်ထပ်၊ သီတာအေး(၉၀၂)ရပ်ကွက်

**အလုပ်အမှုဆောင်အဖွဲ့**
**ရာဇာစိုးငွေစုငွေချေးသမဝါယမအသင်းလီမိတက်**

---

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၉)၊ ဦးပိုင်အမှတ်(၁၀)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငွေမိုးနိုင်(၁၃/တကန(ဧည့်)၀၀၁၆၂၄)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလှိုင်ဖြိုးနိုင်(၉/မသန(နိုင်)၁၁၄၈၇၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ်(၄၉)၊ ဦးပိုင်အမှတ်(၄၉-ခ ခဲစင်း)၊ ၇၉လမ်းနှင့် လမ်း၈၀ကြား၊ ၁၁လမ်းနှင့် ၁၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးနိုင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၁၈/၂၀၂၀)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဇနီး ဒေါ်သန်းတင်(၉/မနမ(နိုင်)၀၂၇၇၇၁)က ဂရန်စာချုပ် တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၇၆-ဃ)၊ ၂၂လမ်းနှင့် ၂၆လမ်းကြား၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကေသွယ်မောင်မောင်(၉/အမဇ(နိုင်)၀၀၀၀၇၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၃)၊ ဦးပိုင်အမှတ်(၁-င)၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ၆၆လမ်းနှင့် ၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ခင်ပွန်း ဦးဘိုရွှေ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၈၁/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်ထျန်းနှမ်(၄/ဖလန(နိုင်)၀၂၈၃၈၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

---

## အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)နေ (ဘ)ဦးရဲမင်းသူ(၁၃/မမတ(ပြု)၀၀၀၀၁၆)၏ သမီးဖြစ်သူ ယခင် မကုမုဒြာ အမည်မှ အိမ်ထောင်စုလူဦးရေစာရင်းအရ ယခု မကေသုဒြာ အမည်အဖြစ် ပြောင်းလဲခေါ်ဆိုပါရန်။

**မကေသုဒြာ**

---

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၇)၊ ဦးပိုင်အမှတ်(၃၂-ဌခဲစင်း)၊ ၉၁စီလမ်းနှင့် သင်္ဂဇာချောင်းအရှေ့ဘက်ပတ်လမ်းကြား၊ ၂၆လမ်းနှင့် ၂၇လမ်းကြားရှိ ခွဲကျန်ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးချစ်ထံမှ အပေးစာချုပ်အမှတ်(၁၃၂၇/၂၀၁၀)ဖြင့် ပိုင်ဆိုင်ခဲ့သော (သား)ဦးသက်နွယ်(၉/မနတ(နိုင်)၀၇၈၀၈၄)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၄၉၉၁/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမင်းစိုး(၉/မနတ(နိုင်)၀၃၄၂၉၀)က အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွတ်လပ်ပြီး တရားမျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်မှုအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအပြင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား လက်ခံတွေ့ဆုံစဉ်။



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများတွင် မွန်ပြည်နယ်အသင်းက ပထမ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိ

နေပြည်တော် ဩဂုတ် ၂၆

မျိုးဆက်သစ် ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ပိုက်ကျော်ခြင်းအားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက ပထမရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိသွားသည်။

ယနေ့ပွဲစဉ်၌ အမျိုးသား နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ ပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် မွန်ပြည်နယ်

စာမျက်နှာ ၆ သို့ ✪



# ဘူအာဒီကို စတာလင်ပေါင် ၈၆ သန်းဖြင့် မန်စီးတီးအသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၂၆**

ပရီးမီးယားလိဂ် ထိပ်သီးကလပ် မန်စီးတီးအသင်းသည် ပြင်သစ်လီဂူးကလပ် လိုင်လီအသင်း ကွင်းလယ်ကစားသမား ဘူအာဒီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၈၆ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၃၁ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့ပြီး ကျောနံပါတ်(၃၂)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ဘူအာဒီသည် လိုင်လီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့သလို အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ ဘူအာဒီက "ကျွန်တော် မန်စီးတီးအသင်းလို ထိပ်တန်းအသင်းကို ပြောင်းရွှေ့ရောက်ရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဆွေးနွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ပွဲထွက်ကစားဖို့ မစောင့်နိုင်လောက်အောင်ပါပဲ။ အနာဂတ်မှာလည်း ဆုဖလားများစွာ ရယူသွားမှာပါ" ဟု ပြောသည်။

မန်စီးတီးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားခြောက်ဦးအထိ ခေါ်ယူ အားဖြည့်ထားပြီးဖြစ်သည်။

မန်စီးတီးအသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီသစ်တွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရန်လည်း ရေပန်းစားလျက်ရှိသည်။

**(NGB)**

0-0-0-0-0




# ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလား ချန်ပီယံဆုကို ဗီယက်နမ်အသင်း ဆွတ်ခူး

**ရန်ကုန် ဩဂုတ် ၂၆**

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုကို လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဗီယက်နမ်အသင်းသည် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းကို နှစ်ကျော့ပေါင်း လေးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရကာ ချန်ပီယံဆုကိုကာကွယ်နိုင်ခဲ့ပြီး နှစ်ကြိမ်ဆက်နှင့် လေးကြိမ်မြောက် ဗိုလ်စွဲခဲ့သည်။



ဗီယက်နမ်အသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ချန်ပီယံဆုကာကွယ်နိုင်ခြင်းဖြစ်ပြီး ထိုင်း၊ စင်ကာပူပြီးနောက် တတိယမြောက် ချန်ပီယံဆုကာကွယ်နိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဗီယက်နမ်အသင်းသည် ချန်ပီယံဆုလေးကြိမ်ဖြင့် စင်ကာပူအသင်း၏ ချန်ပီယံဆု အရေအတွက်ကို လိုက်မီခဲ့သည်။

ထို့ပြင် ဗီယက်နမ်အသင်းသည် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲတွင်လည်း ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိဘဲ ချန်ပီယံဆုကို ကာကွယ်နိုင်ခဲ့သည်။

ဗီယက်နမ်အသင်းသည် ချန်ပီယံဆုကို ၂၀၀၈၊ ၂၀၁၈၊ ၂၀၂၄ နှင့် ယခု ၂၀၂၆ ခုနှစ်တို့တွင် လေးကြိမ်ရယူနိုင်ခဲ့သည်။

**(NGB)**

0-0-0-0-0